မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၃၃၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၃ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဘုရင် ဆူလတန် အဗ္ဗဒူ ဟာလင်မ် မူအက်ဒ်ဇမ်ရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီ အဗ္ဗဒူရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM ၊ ပဉ္စဝတီ FM၊ ရွှေ FM ၊ ချယ်ရီ FM ၊ ပတ္တမြား FM ၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နေ့လယ် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈နာရီတို့တွင် တစ်ရက်လျှင်(၄)ကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃၇/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဦးအား စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူ့အသိုက်အဝန်းများအကြား အချင်းချင်းအပြန်အလှန် သဟဇာတဖြစ်စွာ နေထိုင်ရေး မြန်မာနိုင်ငံ ကြိုးပမ်းဆောင်ရွက်မှုအပေါ် ကုလသမဂ္ဂမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် လူ့အသိုက်အဝန်းများအကြား အချင်းချင်းအပြန်အလှန်သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ထို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကုလသမဂ္ဂမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားနိုင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၃၀

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၅ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပြည်တွင်း

သွားဖုံးပညာရပ်ဆိုင်ရာ သုတေသနဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့

သတင်းစာမျက်နှာ ➤ ၃

ပြည်တွင်း

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

သတင်းစာမျက်နှာ ➤ ၈၊ ၉၊ ၁၀

ပြည်တွင်း

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူများ မှန်ကန်စွာဖြေဆိုခြင်းဖြင့် ကူညီပါ

သတင်းစာမျက်နှာ ➤ ၁၅

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ညှိနှိုင်းပေါင်းစပ် ဆွေးနွေးလုပ်ကိုင်

မည်သည့်အလုပ်မဆို တစ်သီးပုဂ္ဂလ လုပ်ကိုင်ရသော အလုပ်ဖြစ်စေ၊ အသင်းအဖွဲ့အလိုက် လုပ်ကိုင်ရသောအလုပ်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဌာနနှင့်တစ်ဌာနတို့အကြား ညှိနှိုင်းပေါင်းစပ်၊ ဆွေးနွေးလုပ်ကိုင်ကြမည်ဆိုပါက အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်လိုသည့်လုပ်ငန်းသည် အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ပါသည်။

အဘယ်ကြောင့်ဟူမူ လုပ်ငန်းတစ်ခုခုလုပ်ကိုင်ရာတွင် ငွေအား၊ လူအား၊ အကြံဉာဏ်အား စသည်ဖြင့် လိုအပ်မည်ဖြစ်ပါသည်။ ထိုလိုအပ်ချက်များသည် ပြီးပြည့်စုံသည်ရှိသလို လိုအပ်ချက်များလည်း ရှိတတ်ပါသည်။ ထိုသို့လိုအပ်ချက်ရှိလာသည့်အခါ တစ်ဦးတည်း တစ်ယောက်တည်း၊ တစ်ဖွဲ့တည်းနှင့် ဆောင်ရွက်နိုင်စွမ်းမရှိပါ။ ထိုအခါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပုဂ္ဂိုလ်အချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ်နိုင်ရန် အရေးကြီးပါသည်။ ညှိနှိုင်းပေါင်းစပ်ခြင်းဖြင့် လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

သို့သော်အချို့အချို့သော လုပ်ငန်းများသည် ညှိနှိုင်းပေါင်းစပ်နိုင်မှုအားနည်း၍ လုပ်ငန်းများအထမမြောက်ဘဲ ရှိတတ်ပါသည်။ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ခြင်းသည် နှစ်ဦးနှစ်ဖက်အကျိုးရှိစေနိုင်ပါသည်။ သို့ရာတွင် အချို့သောသူများက "သူနဲ့ငါက အယူအဆချင်းတခြားစီပဲ၊ သူ့အလုပ်နဲ့ကိုယ့်အလုပ်နဲ့မတူပါဘူး၊ သူတို့ဌာနနဲ့ငါတို့ဌာနက တခြားစီပဲ၊ မတူပါဘူးကွာ၊ တွဲလုပ်လို့ဖြစ်ကိုမဖြစ်နိုင်ပါဘူး" ဟူ၍ ဆိုတတ်ကြသည်။ ဤသို့သာ ညှိနှိုင်းပေါင်းစပ်ခြင်းအလေ့အထမရှိပါက လုပ်ငန်းများ ရှေ့မဆက်နိုင်ဘဲ ရှိတတ်ပါသည်။ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ခြင်း မရှိသဖြင့် အချို့သောလုပ်ငန်းများတွင် ကြန့်ကြာခြင်း၊ လွဲချော်ခြင်း၊ လေလွင့်ပျက်စီးခြင်း စသောဆိုးကျိုးရလဒ်များ ဖြစ်ပွားတတ်ပါသည်။

ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ခြင်းအလေ့အထသည် ယနေ့ခေတ်တွင် နေရာတိုင်းတွင် ရေပန်းစားလျက်ရှိပါသည်။ အထူးသဖြင့် အဖွဲ့အစည်းများ၊ ကုမ္ပဏီကြီးများအကြား ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ကြလေ့ရှိပါသည်။ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် ကောင်းမွန်သောအဖြေတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါသည်။ အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းကြန့်ကြာခြင်းကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းအောင်မြင်တိုးတက်ရေးတွင် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ခြင်းအလေ့အထမှာ အဓိကသော့ချက်ပင်ဖြစ်ပါသည်။

သို့ပါ၍ မည်သည့်အလုပ်၊ မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ အနိမ့်ဆုံး တိုင်ပင်ဆွေးနွေးကြရပါသည်။ ထိုမှတစ်ဆင့်တက်ကာ ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်ကြရပါသည်။ ညှိနှိုင်းပေါင်းစပ်ခြင်းသည် အဆင်မပြေနိုင်သည့် အခြေအနေများကိုပင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ညှိနှိုင်းပေါင်းစပ်၊ ဆွေးနွေး၊ လုပ်ကိုင်ကြမည်ဆိုလျှင် အရာရာအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၃၀

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-ပဲခူး ၄၁ မိုင်နှင့် ပဲခူး-တောင်ငူလမ်းပိုင်း မိုင် ၁၂၀ တစ်ပေါင်းတည်းပြင်ဆင်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာ့ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr.Won Bae Dahn နှင့် အဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုကို ကူညီဖြေရှင်းနိုင်မည့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကို ကိုရီးယားကုမ္ပဏီ သုံးခုဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ရထား၊ စီးတီးဘတ်စ်၊ တက္ကစီ၊ မြစ်တွင်းဖယ်ရီစသည့် ပို့ဆောင်မှုနည်းလမ်းပေါင်းစုံကို ချိတ်ဆက်ကွပ်ကဲနိုင်မည့် ပို့ဆောင်ရေးကွန်ရက်စနစ် ထူထောင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆင့်မြှင့်တင်

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ JICA အဖွဲ့မှ Dr.Maki Morikawa နှင့် Sadanki NURODA တို့ ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံပြီး ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးတွင် ဦးစားပေး အဆင့် လေးဆင့်သတ်မှတ်ထားရာ ရန်ကုန်-ပဲခူးလမ်းပိုင်းသည် ခရီးသည်အများဆုံးအသုံးပြုသည့်လမ်း ဖြစ်သဖြင့် ဦးစားပေးအဆင့် (၁)အနေဖြင့် ရန်ကုန်-ပဲခူးလမ်းပိုင်း ၄၁ မိုင်နှင့် ပဲခူး-တောင်ငူအပိုင်း မိုင် ၁၂၀ ကို တစ်ပေါင်းတည်း ပြင်ဆင်ရေးနှင့်ရထားဘေးအန္တရာယ်ကင်းရှင်းရေး၊ ဝန်ဆောင်မှု အဆင့်မြှင့်တင်ရေးအတွက် နည်းပညာ လွှဲပြောင်းပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ချစ်ကြည်ရေးတံတားမျက်နှာကြက် ပြုပြင်သင့်

ထင်သာမြင်သာ ပြုပြင်စရာ

တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)သည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကို ဆက်သွယ်ထားသည့် တံတားတစ်ခုဖြစ်သလို မြန်မာနိုင်ငံ၏ ဝင်ပေါက်တစ်ခုလည်းဖြစ်ပေသည်။

အဆိုပါ ချစ်ကြည်ရေးတံတားပေါ်တွင် ဝင်ပေါက်မုခ်ဦးကို ခံ့ညားထည်ဝါစွာ တည်ဆောက်ထားပြီး အပေါ်ထပ်တွင် ဌာနဆိုင်ရာ ရုံးခန်းများဖြင့် စနစ်တကျဖွဲ့စည်းထားရှိသည်။ သို့ရာတွင် အဆိုပါ အဆောက်အအုံ၏ မျက်နှာကြက်များမှာ ယိုယွင်းပျက်စီးနေပြီး အကျည်းတန်အရုပ်ဆိုးလျက်ရှိသည်။ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည့် နယ်စပ်ဝင်ပေါက်များမှ ပတ်စ်ပို့-ဗီဇာများဖြင့် ဝင်ရောက်ခွင့်ပြုခြင်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အအုံတွင် ကျင်းပရာ တက်ရောက်လာကြသည့် ထိုင်းနိုင်ငံဘက်မှ ဧည့်သည်များက အဆိုပါ မျက်နှာကြက်များ ပျက်စီးနေမှုကို လက်ညိုးတထိုးထိုးဖြင့် ဝေဖန်ပြစ်တင်နေကြသည်မှာ နိုင်ငံတော်အတွက် အရှက်ရစေပါသည်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်၏ ပြယုဂ်တစ်ခုဖြစ်သော မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)၏ မျက်နှာကြက်များ ယိုယွင်းပျက်စီးနေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး

ရွှေတိဂုံစေတီတော် ထုတီမင်္ဂလာ ဂုဏ်ပြုလွှာ ပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေတိဂုံစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းခဲ့သော အလှူရှင်များအား (၅၂၇) ကြိမ်မြောက် ထုတိမင်္ဂလာဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီ လာရောက်ကြရန် စေတီတော်ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

ခင်မျိုးဝင်း(သတင်းစဉ်)

ပြည်တွင်းသတင်း

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်လာစေရန် ''မူ'' ချမှတ်ပြုပြင်ပြောင်းလဲနေ

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပသည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်(၁) အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဘက်စုံလွှမ်းခြုံ နိုင်သော ပညာရေး ကဏ္ဍ လေ့လာ သုံးသပ်ရေး လုပ်ငန်းအဆင့် (၁) အဓိက လေ့လာ ဆန်းစစ်တွေ့ရှိချက်များနှင့် ဦးစားပေး ဆောင်ရွက်ရန် ထောက်ခံ အကြံပြုချက်များ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အထူးအရေးပါသည့်အတွက် နိုင်ငံတော် သမ္မတကြီး ဦးဆောင်သော အစိုးရသစ်လက်ထက်ပြည်သူလူထုအခြေပြုသည့် ချဉ်းကပ်မှုများနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်လာစေရန် အကောင်အထည်ဖော်ရေး "မူ" ချမှတ်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအနေဖြင့် တစ်သက်တာသင်ယူမှုနှင့် စဉ်ဆက်မပြတ်ပညာရေး၏ ကောင်းကျိုးကိုလက်ခံပြီး အစဉ်လေ့လာသင်ယူနေသည့်အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာစေရန်၊ မြို့ပေါ်နှင့် ကျေးလက်ဒေသများ၏လေ့လာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီရရှိပြီး အသက်မွေးဝမ်းကျောင်းပညာ အခြေခံရွေးချယ်သင်ယူနိုင်စေရန်နှင့် အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရန်စသော ရည်ရွယ်ချက်များဖြင့် နှစ်ရှည်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် ပညာသင်ယူမှုအခွင့်အလမ်း အညီအမျှရရှိနိုင်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် အနည်းဆုံးတစ်ခုစီ ဖွင့်လှစ်ပြီး ဒီပလိုမာ၊ ဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့စသည့် သင်ကြားရေး အစီအစဉ်များနှင့် ဖွင့်လှစ်သင်ကြားပေးနေကြောင်း။

ထို့အပြင် အာဆီယံတက္ကသိုလ်များ ကွန်ရက်အဖွဲ့ဝင်အဖြစ် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များပါဝင်ကြပြီး ကွန်ရက်အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ အပြန်အလှန် ဖလှယ်ရေးအစီအစဉ်များအရ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သုတေသန လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့် ဆက်စပ်သည့် အခြားသောဝန်ကြီးဌာန အသီးသီးရှိ တက္ကသိုလ်များ အချင်းချင်းနှင့်လည်း သုတေသနလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နေကြကြောင်း။

၂၀၁၂ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့ကို Centre of Excellence များအဖြစ် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းပြီး အဆင့်မြင့်နည်းပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစတင်ပြီး အခြေခံပညာအဆင့်နှင့် တက္ကသိုလ်ပညာသင်ဆု၊ အခြေခံပညာအဆင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ယခုလို ဆောင်ရွက်နိုင်အောင် နိုင်ငံတော်ကပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့် သုံးစွဲပေးလျက်ရှိကြောင်း။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစတင်ပြီးမသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ်အရ နိုင်ငံတော်အနေဖြင့် ကျပ်သန်းပေါင်း ၁၇၂၃ ဒသမ ၄၆ သန်းရှိသည့် ကျောင်းသုံးဖတ်စာအုပ်များကို လည်းကောင်း၊ ကျပ်သန်းပေါင်း ၅၅၀၀ သန်းရှိသည့် လေ့ကျင့်ခန်း စာအုပ်များကိုလည်းကောင်း အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် "ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း" (Comprehensive Education Sector Review- CESR)ကို ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အထိ (၂)နှစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ယခုစီမံကိန်းကို ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ GIZ ၊ ဒိန်းမတ်၊ ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဩစတြေးလျနိုင်ငံတကာ ဖွံ့ဖြိုးရေးအထောက်အပံ့၊ နော်ဝေ၊ British Council၊ အလှူရှင်စုံ ပညာရေးရန်ပုံငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပသမဂ္ဂနှင့် အခြားသော ပြည်တွင်းပြည်ပအလှူရှင်အဖွဲ့အစည်းများက ပံ့ပိုးထားတာဖြစ်ကြောင်း။

နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များပေါက်မြောက်အောင်မြင်ပြီး အာဆီယံဒေသတွင်းအဆင့်မီပညာရေးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် CESR ၏ ပထမအဆင့်လုပ်ငန်း နယ်ပယ်(၆)ခုဖြစ်သည့် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး၊ ကျောင်းပြင်ပ ပညာရေး၊ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ ဆရာအတတ်သင်ပညာရေးနှင့် နည်းပညာနှင့် အသက်မွေးပညာရေးတို့၏ နယ်ပယ်အလိုက် အဓိကလေ့လာတွေ့ရှိချက်များအပေါ်တွင် ဝန်ကြီးဌာနအသီးသီးနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်/ ဖြည့်စွက်လိုမှုများ၊ အကြံပြုချက်များကို ပံ့ပိုးပေးကြရန် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဆွေးနွေးပွဲဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပညာရေးမှတ်တမ်းတင် ဗီဒီယိုကို ပြသသည်။

ယင်းနောက် ဆွေးနွေးပွဲဦးဆောင်သူ အမျိုးသားအကြံပေး ဦးတင်ညိုနှင့် CESR လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမျိုးသိမ်းကြီးတို့က ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု လုပ်ငန်းအဆင့်(၁) အချိန်တိုအတွင်းအကဲဖြတ်ခြင်းအစီရင်ခံစာမှ အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသူများက ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍအလိုက်အဖွဲ့များခွဲကာ ဆွေးနွေးကြပြီး နယ်ပယ်တူရာ အုပ်စုအလိုက် အုပ်စုရလဒ်များကို ပေါင်းစပ်ခြင်းနှင့် ဆွေးနွေးမှုရလဒ်များကို အုပ်စုအလိုက် ပြန်လည်တင်ပြကြကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဦးစိုးမောင်နှင့် ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၃ခုနှစ် ဩဂုတ် ၃၁ရက် တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွတ်အာနီဖာ ဘင်ဟာဂျီ အာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သွားဖုံးပညာရပ်ဆိုင်ရာ သုတေသနဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့

ရန်ကုန် ဩဂုတ် ၃၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Plaza Athenee ၌ ဩဂုတ်၂၁ ရက်မှ ၂၃ ရက်အထိကျင်းပခဲ့သည့် Interna - tional Association for Dental Research / Dentsply Student Clinician Program (IADR / Dentsply SCP /2013) ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ နောက်ဆုံးနှစ် ဘီဒီအက်စ် ကျောင်းသား မောင်ရဲထွဋ်ဦးသည် သွားဖုံးပညာရပ်ဆိုင်ရာ ဖြစ်သည့် "ဗက်တီးရီးယားအကွက်လွှာကြောင့်ဖြစ်သော သွားဖုံးရောင်ရောဂါအပေါ် တမာခံတွင်းသန့်ဆေးရည်၏ အာနိသင် သက်ရောက်ပုံ" စာတမ်းဖြင့် ပြိုင်ပွဲဝင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ဗီယက်နမ်နိုင်ငံများအနက် မြန်မာနိုင်ငံအတွက် နိုင်ငံ့ဂုဏ်ဆောင်ကာ ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တစ်ဖက်နှင့်တစ်ဖက်နားလည်သည်းခံပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင် အထင်အမြင်လွဲမှားစေမည့် ကိစ္စရပ်များကို ပြတ်ပြတ်သားသားတားဆီးသွားရန်လို

နေပြည်တော် ဩဂုတ် ၃၀

အလွှာလိုက် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်ကြားစေ့နိုင်ရေး ပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးခြင်းသည် ကောင်းမွန်သည့် အနာဂတ်မျှော်လင့်ချက်ဖြစ်ပါကြောင်းဖြင့် ယမန်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်က မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် ဆက်သွယ်ရေးဧည့်ရိပ်သာ၌ ကျင်းပသည့် ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲတွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားက ပြောကြားခဲ့သည်။ **(ယာပုံ)**

လိုအပ်

ထို့ပြင် ၎င်းကမိမိသည် မိတ္ထီလာ ပဋိပက္ခဖြစ်ပွားပြီးချင်း မိတ္ထီလာမြို့သို့ ရောက်ရှိလာခဲ့ပြီး တစ်ဖက်နှင့် တစ်ဖက်နားလည်သည်းခံခွင့်လွှတ်ကြရန် တောင်းဆိုခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် ဆက်လက်ပြောဆိုလုပ်ကိုင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ကို အနာဂတ်ကောင်းများနှင့် ဆက်လက်လျှောက်လှမ်းသွားနိုင်ရန် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတ္တိရှိရှိ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွ စုပေါင်းလုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် နားလည်သည်းခံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန် အထင်အမြင် လွဲမှားစေမည့် ကိစ္စရပ်များကို ပြတ်ပြတ်သားသား တားဆီးသွားရန် လိုအပ်ပါကြောင်း၊ အတူတကွ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေး လုပ်ငန်းများကို မိသားစုများအတွင်း၌သာမက တိုင်းပြည်အတွက်ပါ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ဖြင့်လည်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက နောင်တွင် မိတ္ထီလာမြို့၌ အလားတူ မဖြစ်ပွားအောင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ချစ်ခြင်းမေတ္တာများဖြင့် ဘာသာပေါင်းစုံအတူတကွ ပြန်လည်ပေါင်းစည်းနေထိုင်သွားလိုပါကြောင်း၊ လက်ရှိအခြေအနေတွင် ဘာသာပေါင်းစုံ ချစ်ကြည်ငြိမ်းချမ်းစေရန် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုများသည် အားရဖွယ်ဖြစ်ပါကြောင်း၊ အထင်အမြင် လွဲမှားစေနိုင်သည့်လုပ်ရပ်များကို ဖော်ထုတ်အရေးယူပေးစေလိုပါကြောင်း၊ တစ်ဦးတစ်ယောက်၏ ဆန္ဒဖြင့်ဆုံးဖြတ်ချက်များသည် အားနည်းချက်များ ရှိနိုင်သည့်အတွက် မည်သည့်ကိစ္စရပ်များကိုမဆို တိုင်ပင်ဆွေးနွေး စုပေါင်းလုပ်ကိုင်ကြရန်လိုပါကြောင်းဖြင့် အကြံပြုဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗဟာအီး ဘာသာများမှ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယမန်နေ့ ညနေ ၃ နာရီကလည်း မစ္စတာဗီဂျေနမ်ဘီးယားနှင့် အဖွဲ့သည် မိတ္ထီလာမြို့ ရတနာမာန်အောင်ရပ် နန်းတော်ကုန်းနယ်မြေ၊ ချမ်းအေးသာရပ်၊ ရန်မျိုးအောင်ရပ်၊ အင်းကုန်းရပ်နှင့် အမှတ်(၁၆) အခြေခံပညာမူလတန်းလွန်ကျောင်းများရှိ ကယ်ဆယ်ရေးစခန်းများမှ မိသားစုဝင်များ၊ ဘာသာရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်သွားမည်

နေပြည်တော် ဩဂုတ် ၃၀

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီက စားသုံးသူအကာအကွယ်ပေးရေး၊ တရားမဝင်ကုန်သွယ်မှုမှ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး၊ နိုင်ငံတော်၏အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် အဆင့်သုံးဆင့်ဖြင့် စစ်ဆေးရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် ပြည်ထောင်စုအဆင့်ဗဟိုကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ဟန်ချက်ညီဆောင်ရွက်ရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရန်နှင့် စစ်ဆေးရေးအဖွဲ့များနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စရပ်များအား မမှန်မကန်ဆောင်ရွက်မှုအပေါ် သတင်းပေးတိုင်ကြားနိုင်ကြကြောင်း သိရှိရသည်။

သတင်းပေးတိုင်ကြားနိုင်သော ဖုန်းနံပါတ်များမှာ စီးပွား/ကူးသန်းရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၈၀၀၂၊ ၀၉-၆၇၀၀၈၂၅၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၄၀၄၊ ၀၉-၈၃၀၀၂၉၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၂၁၆၊ ၀၉-၈၃၀၂၃၅၇၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၃၈၇၁၆၂၊ ၀၉-၈၆၂၂၆၅၇၊ ရေကြောင်းရဲတပ်ဖွဲ့၊ ရဲမှူးကြီး ဖုန်း-၀၆၇-၄၀၁၂၄၂၊ ၀၆၇-၄၀၁၆၀၀ (Fax)၊ ၀၉-၈၅၁၀၀၀၃၊ လေကြောင်းရဲတပ်ဖွဲ့၊ ရဲမှူးကြီး ဖုန်း-၀၉-၄၃၂၀၁၅၅၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ရဲချုပ်ရုံး)၊ ရဲဦးစီးအရာရှိချုပ် ဖုန်း၊ ၀၆၇-၄၁၂၀၃၈၊ ၀၉-၈၆၀၀၂၀၃၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၁-၂၃၀၁၂၁၀ (Fax)၊ ၀၉-၅၁၈၉၂၅၃၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဖုန်း-၀၂-၂၄၉၆၆၊ ၀၉-၄၃၁၄၇၁၀၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၅၂-၂၀၁၈၁၅၊ ၀၉-၄၃၀၀၇၇၇၂၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၇၁-၂၄၃၁၀၊၀၉-၄၇၀၅၂၄၄၄၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၆၃-၂၈၁၃၃၊ ၀၉-၄၇၂၂၇၀၉၉၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဖုန်း- ၀၄၂-၂၃၆၈၆၊ ၀၄၂-၂၃၆၈၇၊ ၀၉-၈၅၃၄၄၇၄၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဖုန်း-၀၅၉-၂၈၆၅၂၊၀၉-၄၉၈၇၁၀၁၈၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၇၄-၂၉၅၁၉၊ ၀၉-၄၇၀၃၆၉၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၅၈-၂၃၂၂၉၊ ၀၉-၈၇၃၁၆၀၀၊ ကယားပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဖုန်း-၀၈၃-၂၃၀၀၉ ၊၀၉-၅၃၅၁၀၆၉၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၇၀-၂၁၀၀၇၊ ၀၉-၄၇၁၇၅၁၉၉၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၅၇-၂၅၉၁၆ ၊ ၀၉-၈၇၀၃၉၈၀၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖုန်း-၀၄၃-၂၂၆၅၆၊ ၀၉-၄၉၆၇၈၁၁၇၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဖုန်း-၀၈၁-၂၀၁၈၇၀ ၊ ၀၉-၈၃၅၁၁၀၂ တို့သို့ ဆက်သွယ်နိုင်ကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ မီးဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေး

ရွှေဘို ဩဂုတ် ၃၀

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ မီးဘေးသင့်ကယ်ဆယ်ရေးစခန်းသို့ ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးဗိုလ်မှူးကြီး ကြည်နိုင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများရောက်ရှိလာပြီး အလားတူထပ်မံ မဖြစ်ပွားစေရေးအတွက် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးပိုမိုရရှိရေး၊ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ကောင်းမွန်တိုးတက်ရေး၊ ဘာသာပေါင်းစုံစည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆုံးရှုံးပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မူလအနေအထားသို့ ပြန်လည်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

စိုးသီဟ

တက်လမ်း
အာဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ရန်ကုန်-ကလေး အထူးအစီအစဉ်အဖြစ် ၄.၉.၂၀၁၃ နေ့မှ စတင်၍
2+1 အထူးဇလအိတ်ကားသစ်ကြီးများဖြင့် ပြေးဆွဲပေးတော့မည်ဖြစ်ပါသည်။
2+1 အထူးကား ၃၀၀၀၀ ကျပ်
2+2 ပုံမှန်ကား ၂၀၀၀၀ ကျပ်
ရန်ကုန်ဂိတ်
ကလေးဂိတ်

စက်မှုဝန်ကြီးဌာန
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
စက်ရုံငှားရမ်းခြင်း/အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ မော်တော်ယာဉ်တာယာထုတ်လုပ်သည့်စက်ရုံများဖြစ်သော အမှတ် (၂၀) အကြီးစားစက်ရုံ (သထုံ)နှင့် အမှတ် (၂၂) အကြီးစားစက်ရုံ(ဘီးလင်း)တို့အား ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းခြင်း(Lease)/အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း(Joint Venture)တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် စက်ရုံများသို့သွားရောက်လေ့လာပြီး မိမိတို့၏လုပ်ငန်းကုမ္ပဏီမှ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအမျိုးအစား၊ ကုမ္ပဏီဆိုင်ရာအထောက်အထားများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်လိုသောလုပ်ငန်းအမျိုးအစားအလိုက် အမြင့်ဆုံးပေးသွင်းနိုင်မည့်ဈေးနှုန်းတင်ဒါကို အောက်ပါလိပ်စာသို့(၁၆-၉-၂၀၁၃)ရက်နေ့(၁၆:၀၀)နာရီနောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

-အမှတ် (၂၀)အကြီးစားစက်ရုံ (သထုံ) မွန်ပြည်နယ်။
-အမှတ် (၂၂)အကြီးစားစက်ရုံ (ဘီးလင်း) မွန်ပြည်နယ်။
ဖုန်း-၀၉-၄၃၀၀၅၈၉၅၊ ၀၉-၄၃၀၀၅၈၉၆၊ ၀၉-၂၅၅၇၀၁၀၆၀
၀၉-၂၅၅၇၀၄၇၈၁၊ ၀၉-၄၉၈၁၅၉၄၂
-ပစ္စည်းစီမံရေးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ် (၃၀) နေပြည်တော်။
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နာမည်များ မှားခေါ်မိလျှင်

လှိုင်သင်း

လူတိုင်းသည် 'နာမည်တစ်လုံးနှင့် လူလုပ်'ကြရသူများဖြစ်ရာ လူတစ်ယောက်အတွက် သူ့နာမည်သည် သူပိုင်သမျှ ဂုဏ်ပုဒ်အားလုံးအနက် အရေးအကြီးဆုံး ဂုဏ်ပုဒ်ဖြစ်သည်။ 'လူသေသော်လည်း နာမည်မသေ' ဆိုသည့် စကားအတိုင်း မိမိသေသွားသည့်တိုင်အောင် မိမိနာမည်ကျန်ရစ်စေလိုခြင်းသည် လောကတံထွာ၊ လူ့ဓမ္မတာဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဤမျှအရေးပါသော နာမည်ကို ကျွန်တော်တို့ မှန်မှန်ကန်ကန် မခေါ်လျှင် ထိုနာမည်ပိုင်ရှင်ကို စော်ကားသလို ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့ မြန်မာများသည် ဤကဲ့သို့ စော်ကားသလိုဖြစ်နိုင်သည့် အဂါရဝတရား လက်ကိုင်ထားသူများမဟုတ်သော်လည်း မရည်ရွယ်ပါဘဲလျက် ဤအတိုင်း ပြုကျင့်နေကြခြင်းသည် 'မသိနားမလည်မှု'ကြောင့် ဖြစ်သည်ဟု ဆိုရမည်။ ဤနေရာတွင် အပေါ်လွင်ဆုံးသာဓကမှာ အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အထင်ရှားဆုံး သမ္မတတစ်ဦးဖြစ်သည့် အေဗရာဟမ်လင်းကွန်း (Abraham Lincoln) ဖြစ်သည်။ အဆိုပါ သမ္မတကြီး 'လင်းကဲန်'ကို ကျွန်တော်တို့ မြန်မာများက 'လင်ကွန်း'ဟု ခေါ်ကြသည်။ မြန်မာလိုရေးသားသော သမ္မတကြီး 'လင်ကွန်း' အတ္ထုပ္ပတ္တိ အမြောက်အမြားကို ကျွန်တော်တို့ ငယ်စဉ်က ဖတ်ရှုခဲ့ရရာ ထိုစဉ်က နိုင်ငံကျော်စာရေးဆရာကြီးများထဲက တစ်ယောက်တလေမျှ နာမည်အမှန်ဖြစ်သော 'လင်းကဲန်'ဟု မသုံးခဲ့ခြင်းမှာ ကျွန်တော့်အတွက် အတော်ထူးဆန်းသော ကိစ္စဖြစ်နေသည်။ ထိုစဉ်ကတည်းက မြန်မာစာပေနယ်ပယ်တွင် ရောက်နေခဲ့သော 'လင်ကွန်း' အမည်မှားသည် ယနေ့ထက်တိုင် မပျောက်ပျက်သေးပေ။ ယနေ့ခေတ် ပညာတတ်ဆိုသူတစ်ယောက်ကို နိုင်ငံခြားသားတစ်ယောက်က 'လင်းကဲန်' ဟုပြောလျှင် သမ္မတကြီး 'လင်ကွန်း' အကြောင်းပြောနေမှန်း အဆိုပါ ပညာတတ်ဆိုသူ သိလိမ့်မည်မဟုတ်ပေ။

နောက်ပေါ်လွင်သော သာဓကတစ်ခုမှာ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း (Albert Einstein)၏ အမည်ဖြစ်သည်။ အိုင်းစတိုင်း၏ 'ရဲလတစ်ဗတီ သီဝရီ' (Relativity Theory)သည် ထိုစဉ်က အခြေခိုင်ပြီးဖြစ်သည့် နျူတန်၏ နိယာမများကို တော်လှန်သော အတွေးအခေါ်ဖြစ်၍အလွန်ပင် သြဇာတိက္ကမကြီးမားခဲ့ပေရာ အိုင်းစတိုင်းသည် (၂၀)ရာစုတွင် အထင်ရှား အကြီးကျယ်ဆုံးပညာရှင်ကြီး ဖြစ်လာပြီး အိုင်းစတိုင်းဆိုသော နာမည်သည် ကမ္ဘာတစ်ဝန်းလုံး ကလေး လူကြီးမကျန် အကုန်သိခဲ့သော အမည်ဖြစ်သည်။ ဤမျှ ထင်ပေါ်ကျော်ကြားလူသိများသော ပညာရှင်ကြီးအကြောင်းကို ကျွန်တော်တို့၏ နိုင်ငံကျော်စာရေးဆရာကြီး တစ်ဦးက 'အိန်းစတိန်း' ဆိုပြီး စာအုပ်ထုတ်ဝေခဲ့ရာ စာအုပ်တစ်အုပ်လုံး 'အိန်းစတိန်း'ချင်း မိုးမွှန်သွားသည်။ အဆိုပါ နိုင်ငံကျော်စာရေးဆရာကြီးသည် အိုင်းစတိုင်း၏ နာမည်မှ (Ein)ကို (အိန်း)ဟု လည်းကောင်း၊ (stein)ကို (စတိန်း)ဟု လည်းကောင်း (အင်္ဂလိပ်လို) ထင်မှတ်မှားခဲ့ပုံ ရသည်။ စင်စစ် အိုင်းစတိုင်းသည် ဂျာမန် ဂျူးလူမျိုးဖြစ်၍ သူ့နာမည်မှ (Ein)သည် ဂျာမန်လို (အိုင်း) ဟု အသံထွက်ပြီး (stein)သည် ဂျာမန်လို (စတိုင်း)ဟု အသံထွက်မှန်း အဆိုပါ စာရေးဆရာကြီးမသိခဲ့ခြင်းကြောင့် ဖြစ်ပါလိမ့်မည်။ သို့ရာတွင် မည်သို့ဆိုစေ၊ အနီစာရေးဆရာကြီး၏ အရှိန်အဝါကလည်း ကျွန်တော်တို့နိုင်ငံတွင် အလွန်ပင်ကြီးသဖြင့် မြန်မာစာဖတ်ပရိသတ်ထဲ ဤအမည်မှားက မည်မျှနက်ရှိုင်းစွာ ဝင်ရောက်အမြစ်တွယ်သွားမည်မှန်း မည်သူမျှ ခန့်မှန်းနိုင်လိမ့်မည်မဟုတ်ပေ။

နိုင်ငံခြားသားနာမည်များကို ဤကဲ့သို့ ကျွန်တော်တို့ မှားခေါ်သည့် ပြဿနာသည် ကျွန်တော်တို့နိုင်ငံတွင် မည်သည့်ခေတ်၊ မည်သည့်ကာလကတည်းက စတင်ခဲ့မှန်း အတိအကျမသိရသော်လည်း အလွန်ပင်ရှည်ကြာခဲ့ပြီဖြစ်ကြောင်းကတော့ သေချာသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ နိုင်ငံခြားဘာသာစကားကို ကျွန်တော်တို့က 'နား'နှင့် စမသင်ခဲ့သောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် 'အသံ'ကို မကြားဖူးဘဲ စာကိုသာ 'မြင်'ဖူးခြင်းကြောင့်ဖြစ်သည်။ ဤနေရာတွင် ကျွန်တော်တို့ လက်ကိုင်အဖြစ် အများဆုံး အသုံးပြုခဲ့သော 'Oxford Advanced Learner's Dictionary' က တစ်ဦးချင်းဆိုင်နာမ် (proper noun) များကို မပြဆိုခြင်းကလည်း အဓိကအကြောင်းအချက်တစ်ရပ် အဖြစ်ပါဝင်သည်ဟု ဆိုနိုင်သည်။ အထက်တွင် ပြခဲ့သော (Lincoln)နှင့် (Einstein)တို့၏ အသံထွက်ကို သိလိုသဖြင့် 'Oxford' အဘိဓာန်ကို သွားလှန်လျှင် တွေ့ရလိမ့်မည်မဟုတ်ပေ။ (သို့ရာတွင် နောက်ဆုံးပေါ် Oxford Dictionary 8th Editionတွင်မူ proper noun များ ပါလာရုံသာမက အသံကိုပါ ကြားနိုင်အောင် CD အခွေများလည်း ထွက်ပေါ်လာသည်။)

ဂရိတွေးခေါ်ပညာရှင်ကြီး ဆော့ခရတီးဇ် (Socrates)ကို ကျွန်တော်တို့က 'ဆိုကရေးတီး' ဟု လက်ခံသုံးစွဲလာခဲ့သည်မှာ မည်မျှ ကြာပြီနည်း။ အလားတူပင် ကားသစ်ချ်နှင့် ရိုမန်တို့စစ်ဖြစ်ချိန်တွင် မည်သူမျှ မကျော်ဖြတ်နိုင်ဟု ယူဆထားသော အဲလ်ပ်စ်တောင်တန်းများကို ဖြတ်ကျော်စစ်ဆင်ပြီး ရိုမန်များကို ချောက်ချားစေခဲ့သော ကားသစ်ချ် စစ်သူကြီး ဟဲန်းနဘဲလ် (Hannibal)ကို လွန်ခဲ့သော အနှစ် (၅၀)ကျော် ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝက စစ်သူကြီး 'ဟန်းနီးဘော'ဟု သင်ကြားခံခဲ့ရသည်။

ခရစ်တော်ကို လက်ဝါးကပ်တိုင်တင်ပြီး သတ်ဖို့ အမိန့်ပေးခဲ့သည့် ရိုမန်ဘုရင်ခံ 'ပိုင်းလက်' (Pontius Pilate)ကို 'ပီလိတ်'ဟု ခေါ်ခဲ့ကြသည်။ ဂရိဒဏ္ဍာရီလာ အောင်မြင်မှုနတ်ဖုရားမ 'နိုင်းကီ' (Nike)ကို 'နိုက်'ဟု ခေါ်ခဲ့ကြသည်။ ဂရိဒဏ္ဍာရီလာ အလှနှင့်အချစ်နတ်ဖုရားမ 'အက်ဖရဒိုင်းတီ' (Aphrodite)ကို 'အေဖရိုဒိုက်'ဟု ခေါ်ခဲ့ကြသည်။ အမေရိကန်ရုပ်ရှင်မင်းသားကြီး 'အားနယ်လ်' (Arnold)ကို 'အာနိုး'ဟု ခေါ်ခဲ့ကြသည်။ ဗြိတိသျှစာရေးဆရာ တောမ်းမာ့စ် ဟားဒီ (Thomas Hardy)ကို 'သောမတ်စ်ဟာဒီ'ဟု ခေါ်ခဲ့ကြသည်။ ကျွန်တော်တို့၏ အခေါ်အမှားများကား ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်သည်။

အဆိုးဆုံးမှာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များတွင်ပါသော အမည်မှားများဖြစ်သည်။ ဂျာမန်ဒဿန ပညာရှင်ကြီး နီးချာ (Nietzsche)ကို တက္ကသိုလ်ကျောင်းသုံးစာအုပ်များထဲတွင် 'နီရှေး'ဟု ဖော်ပြထားခြင်းမှာ ဤဘာသာရပ်သင်ယူသူ ကျောင်းသား ကျောင်းသူများအတွက် အလွန်ပင်နစ်နာလှသည်။ ဒဿနိကဗေဒ 'မေဂျာ'ယူသော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်က 'နီရှေး'ဟု သင်လွှတ်သဖြင့် တစ်သက်လုံး 'နီရှေး'သွားကြပေတော့မည်။ နိုင်ငံခြားသားပညာရှင်တစ်ဦးနှင့် စကားလက်ဆုံကျ၍ ၎င်းက 'နီးချာ'ဟု ပြောလျှင် 'နီရှေး'အကြောင်းပြောနေမှန်း သူတို့ သိလိမ့်မည်မဟုတ်ပေ။

များမကြာမီက ပြင်သစ်နိုင်ငံရွေးကောက်ပွဲတွင် အနိုင်ရ၍ သမ္မတဖြစ်လာသူ ဖရန်ဆွာအိုလန်း (Francois Hollande)ကို သတင်းစာတချို့တွင် 'ဖရန်ကွိုက်စ်ဟော်လန်ဒေး'ဟု ဖော်ပြခဲ့ရာ ပြင်သစ်သမ္မတကြီးသာ မြန်မာစာတတ်၍ မြန်မာသတင်းစာဖတ်ကြည့်ပါက မည်မျှကသိကအောက် ဖြစ်လိမ့်မည်လဲ ကျွန်တော် တွေးမကြည့်ဘဲ မနေနိုင်ပေ။

ပြင်သစ်သင်္ချာပညာရှင် ဖူးရီယေ (Fourier)ကို 'ဖိုးရီးယား'ဟု လည်းကောင်း၊ ဂျာမန်ဂီတပါရဂူ ဘေးထိုဗဲန် (Beethoven)ကို 'ဘီသိုဗင်'ဟု လည်းကောင်း၊ ဂျာမန်ကဗျာစာဆို 'ဂိုးတာ' (Goethe)ကို 'ဂိုးသေ့'ဟုလည်းကောင်း၊ ဂျာမန်ဖီးမာရှယ် 'ဖွန်ရွှန်းဇတက်ဒ်' (von Rundstedt)ကို 'ဗွန်ရမ်းစတက်ဒ်' ဟု လည်းကောင်း၊ စစ်သေနင်္ဗျူဟာကျမ်း (On War)ကို ရေးသားပြုစုသူ ပရပ်ရှား ဗိုလ်ချုပ်ကြီး 'ကလောင်းဇဗစ်စ်' (Clausewitz)ကို 'ကလော့စ်ဝစ်ဇ်' ဟု လည်းကောင်း မှားပြီးခေါ်နေကြခြင်းသည် နိုင်ငံတကာပညာရှင် အသိုင်းအဝိုင်းနှင့် စကားပြောရချိန်တွင် ဒုက္ခလှလှတွေ့နိုင်သော ကိစ္စများဖြစ်ပါသည်။

ကျွန်တော်တို့သည် လူအမည်များကို သာမက နိုင်ငံအမည်၊ မြို့အမည်၊ မြစ်အမည်စသဖြင့် အမည်ပေါင်းများစွာကိုလည်း အမှန်မခေါ်နိုင်ခဲ့ပေ။

ဤနေရာတွင် အပေါ်လွင်ဆုံး သာဓကမှာ လန်ဒန်မြို့တော်ကို ဖြတ်သန်းစီးဆင်းသည့် 'တဲမ်းဇ်'မြစ် (Thames)ဖြစ်သည်။ ကျွန်တော်တို့၏ ကျောင်းသုံးစာအုပ်များမှာပင် 'သိမ်း'မြစ်ဟု ဖော်ပြခဲ့သည်။ ကျွန်တော်တို့လည်း သိမ်းမြစ်ဟုပဲခေါ်ခဲ့သည်။ အလားတူပင် 'အက်ဒင်ဘာရာ' (Edinburgh)ကို 'အီဒင်ဘာ့ဂ်'ဟု လည်းကောင်း၊ 'ဆော့လ်ဇ်ဘယ်ရီ' (Salisbury)ကို 'ဆလစ်စ်ဘာရီ' ဟု လည်းကောင်း၊ 'မဲလ်ဘန်' (Melbourne)ကို 'မဲလဘုန်း'ဟု လည်းကောင်း၊ 'ဂျောဂျာ' (Georgia)ကို 'ဂျော်ဂျီယာ'ဟုလည်းကောင်း၊ 'ကနက်တကက်' (Connecticut)ကို 'ကွန်နက်တီကပ်'ဟုလည်းကောင်း၊ 'ဝူးစတာရှာ' (Worcestershire) ကို 'ဝေါ်ဆက်စတာရှိုင်းယား'ဟု လည်းကောင်း၊ 'မကောင်း' (Ma cao) ကို 'မကာအို'ဟု လည်းကောင်း၊ 'ပေါ်ချဂယ်လ်' (Portugal)ကို 'ပေါ်တူဂီ'ဟုလည်းကောင်း ခေါ်ခဲ့ကြသည်။

ကျွန်တော်၏ ဆရာသည် ဦးကျော်သိန်းဖြစ်ပြီး ဦးကျော်သိန်း၏ ဆရာသည် အမေရိကန် တံတားအင်ဂျင်နီယာကြီး 'ဒေါက်တာစတိုင်းမင်း'ဖြစ်သည်။ ကဗျာဆရာလည်းဖြစ်သော စတိုင်းမင်းက သူ၏ ကမ္ဘာကျော် မက်ကနော (Mackinac) တံတားကြီး တည်ဆောက်ပြီးချိန်တွင် သူ့တံတားကြီးကို ဂုဏ်ပြုသည့် အနေနှင့် ကဗျာတစ်ပုဒ်စပ်ဆိုသည်-

> 'In the land of Hiawatha,
> Where the white man gazed with awe
> At the paradise divided
> By the Straits of Mackinac.'

ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဘဝတွင် ကျွန်တော်တို့က (Mackinac)ကို 'မက်ကီနက်'ဟု အသံထွက်နေရာ စတိုင်းမင်း၏ လှပစွာဖွဲ့နွဲ့ထားသော ကဗျာကို အရသာခံ၍ မရပေ။ ဆရာဦးကျော်သိန်းက 'မက်ကီနက်လို့ မခေါ်ရဘူး။ မက်ကနောလို့ အသံထွက်ရတယ်'လို့ သင်ကြားပြသပေးတော့မှ အပေါ်ပါဒမှ 'awe'နှင့် 'မက်ကနော'ကို ကာရန်ယူထားမှန်းသိရပြီး ကဗျာ၏ အရသာကို ခံစား၍ ရလာခဲ့ပါသည်။

နာမည်များမှားခေါ်မိလျှင် နာမည်ပိုင်ရှင်ကို စော်ကားသလို ဖြစ်နိုင်သည်ဟု အထက်တွင် ကျွန်တော်ဆိုခဲ့ပြီး ဖြစ်သည်။ နာမည်မှား မခေါ်ရအောင် နာမည်များကိုရော၊ နာမည်များ၏ အသံကိုပါပေးသည့် အဘိဓာန်တစ်ခုကို ကျွန်တော်ညွှန်းလိုပါသည်။ ၎င်းမှာ အခြားမဟုတ်ပါ။ 'American Heritage Talking Dictionary' ဖြစ်ပါသည်။ ၎င်း CDကို P.C.တွင် ထည့်ပြီးဖွင့်လျှင် လူသိများသော ပုဂ္ဂလိကနာမ် (proper noun) များကို သာမက ၎င်းတို့၏ အသံထွက်များကိုပါ နားနှင့်ဆတ်ဆတ် ကြားရပါလိမ့်မည်။

ကျွန်တော်တို့သည် မသိနားမလည်မှုကြောင့် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများကို တလွဲတချော်နာမည်များ ပေးခြင်းဖြင့် အဂါရဝတရား လက်ကိုင်ထားသူများမဟုတ်ကြောင်း ပြသနိုင်ရန်အတွက် အမည်များ မှန်မှန်ကန်ကန် ခေါ်ဝေါ်သုံးစွဲသွားနိုင်ရေး ကြိုးစားကြရပေလိမ့်မည်။ ။

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်၊ ငါးမျိုးဖြန့်ဝေခြင်းအခမ်းအနားကျင်းပ

လက်ပံတန်း ဩဂုတ် ၃၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးတို့၏ လမ်းညွှန်မှုကိုခံယူလျက် ဒေသကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် ၂၀၁၃-၂၀၁၄ ခုနှစ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမျိုးဖြန့်ဝေခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈နာရီက နဘဲကွင်းအုပ်စု တောင်သူဦးမြစိန်၏လယ်မြေ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ထွန်း၊ လက်ပံတန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်းနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ကြသည်။

ပထမဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးတို့က တောင်သူများအား ငါးမျိုးဖြန့်ဝေပေးခဲ့ပြီး စပါးခင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့သည်။

အခမ်းအနားတွင် တောင်သူ ဦးမြစိန်၏လယ်ဧက ၂၀ အတွင်းသို့ ငါးကောင်ရေ ၁၀၀၀၀၊ အခြားလယ်သမားများသို့ ကောင်ရေ ၂၀၀၀၀ ဖြန့်ဝေပေးခဲ့ပြီး ငါးအမျိုးအစားမှာ ရွှေဝါငါးကြင်း ၆၀၀၀၀၊ ငါးခုံးမကြီး ၁၅၀၀၀၀ စုစုပေါင်း ကောင်ရေ ၂၀၀၀၀၀ စိုက်ထည့်ဖြန့်ဝေပေးခဲ့သည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဆိုင်ရာ ဗဟုသုတပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စမ်းချောင်းမြို့နယ်၌ ဩဂုတ် ၂၀ ရက်က ကျင်းပရာ စံပြမိခင်ဆုရရှိသူအား ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါ်ခင်အေးနွယ် ဆုချီးမြှင့်စဉ်။ မီးမီး(လှိုင်)

တင်ပါးတွင် မွေးရာပါဘုကြီးပါသောကလေးငယ်

တောင်ငူ ဩဂုတ် ၃၀

မွေးရာပါ တင်ပါးအနောက်ဘက်တွင် ဧရာမဘုကြီး (Sarcoma) ပါသော ကလေးငယ်တစ်ဦးကို မေ ၁ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ဆေးရုံကြီး၌ မွေးဖွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၇ ရက်က အဆိုပါ ကလေးငယ်မဖြူဇင်ထွန်း **(ယာပုံ)** သုံးလသည် ကိုယ်အပူချိန်မြင့်တက်ပြီး ဖျားနာကာ အသက်ရှူကျပ်ဝေဒနာဖြစ်ပွားသောကြောင့် ဖြူးဆေးရုံကြီးသို့ တက်ရောက်ကုသရာ ဖြူးဆေးရုံမှ တောင်ငူခရိုင်သို့လွှဲပြောင်း၍ ကလေးကုသဆောင်တွင် ကုသပေးခဲ့ပြီး ယင်းဘုကြီးကို ဆက်လက်ခွဲစိတ်ကုသရန်အတွက် ရန်ကုန်ကလေးဆေးရုံကြီးသို့ လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း တောင်ငူဆေးရုံ၏ အစီရင်ခံစာအရ သိရသည်။

ဆက်လက် ခွဲစိတ်ကုသမှု ရမှာမို့ ရန်ကုန်ကလေးဆေးရုံကြီးကို လွှဲပြောင်းပေးဖို့ စီစဉ်တာပါဟု တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီး၏ ဆေးလုပ်ငန်းဆက်ဆံရေးမှူး ဦးအောင်မျိုးမင်းဇော်က ပြောကြားသည်။

အဆိုပါကလေးကို ရန်ကုန်ကလေးဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ရန် တောင်ငူမြို့ခံသတင်းထောက်များက လူမှုကူညီရေးအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်၍ စီစဉ်လျက်ရှိကြောင်း သိရသည်။

သူရ(တောင်ငူ)

သားဖွားခန်း ပြန်လည်ပြုပြင်မွမ်းမံပြီးဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ဩဂုတ် ၂၈ ရက်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု ဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ KAORI ISHIKA- WA တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ရွှေပြည်သာမြို့နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းပိုင်သားဖွားခန်းကို ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ကုန်ကျစရိတ်ဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

(၁၆၆)

လွှတ်တော်ရေးရာကဏ္ဍ

❒ ပြည်သူ့လွှတ်တော်မှ

အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟု ဖော်ပြထားသဖြင့် ယင်းကိစ္စအတွက် ပြဋ္ဌာန်းဥပဒေတစ်ရပ် မလွဲမသွေလိုအပ်လာပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ တွင်လည်း ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရမည်ဟု ဖော်ပြပါရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကော်မရှင်၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လည်းကောင်း၊ တိုင်တန်းထားသော မဲဆန္ဒရှင်နိုင်ငံသားများ၏ မူလအခွင့်အရေးကို ရပ်တည်ကာကွယ်ပေးရန်အတွက်လည်းကောင်း၊ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် ပြည်ထောင်စုလွှတ်တော်နာယကထံ နှစ်ကြိမ်တိုင်တိုင် ရေးသားအကြံပြုခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ရာတွင် ဥပဒေကို စီမံခန့်ခွဲမှုပြုရန် တာဝန်ရှိသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကသာ ယင်းဥပဒေကြမ်းကိုတင်သွင်းရန် အကြံပြုသဖြင့် ကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(က)နှင့်အညီ ဥပဒေကြမ်းကို ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တရားဝင်အဆိုဖြင့် မတင်သွင်းမီမှာပင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ၆-၁၁-၂၀၁၂ ရက်တွင် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး၌ တရားဝင်အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းအပေါ် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသူများကို ၁၆-၁၁-၂၀၁၂ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် လွှတ်တော်က ဖိတ်ခေါ်ကြေညာခဲ့ရာ အဆိုတင်သွင်းလိုသူ (၇)ဦး ရှိခဲ့ကြောင်းကိုလည်း သိရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၈ ပုဒ်မခွဲ(က)နှင့်(ဂ) တို့ပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်သို့ တင်သွင်းလာသောဥပဒေတစ်ရပ်ကို ဆွေးနွေးဆုံးဖြတ်ပေးရမည်ဖြစ်ပြီး ယင်းသို့ ဆွေးနွေးဆုံးဖြတ်အတည်ပြုသည့် (သို့မဟုတ်) ပြင်ဆင်ချက်နှင့်အတည်ပြုသည့် ဥပဒေကြမ်းကို အခြားလွှတ်တော် အမျိုးသားလွှတ်တော်တစ်ရပ်သို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ၂၃-၈-၂၀၁၃ ရက်တွင်ပြုလုပ်သည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား ဆိုင်းငံ့ထားသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းပြီး လွှတ်တော်က ဆိုင်းငံ့ထားရန် အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ဥပဒေကြမ်းကိုဆိုင်းငံ့ထားရန် အဓိကအကြောင်းပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒရှင် တစ်ရာခိုင်နှုန်းက တိုင်တန်းခွင့်ရှိသော ပြဋ္ဌာန်းချက်သည် ရှုံးနိမ့်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက စည်းရုံးပြီးဆောင်ရွက်လာနိုင်သောကြောင့် ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်များအကြား မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် Right to Recall အခွင့်အရေးကို မဲဆန္ဒရှင်တစ်ရာခိုင်နှုန်းက ကျင့်သုံးခြင်းမှာ အခြားဒီမိုကရေစီနိုင်ငံများတွင် မရှိသဖြင့် အခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)ကို ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီက ဆန်းစစ်လေ့လာမှုပြုရန် လိုအပ်နေကြောင်း အကြောင်းပြချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာဆန်းစစ်မှုပြုနေစဉ်ကာလအတွင်း ယင်းဥပဒေကြမ်းကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို လေ့လာကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ၌ အနည်းဆုံး တစ်ရာခိုင်နှုန်းက တိုင်တန်းချက်ကို ကော်မရှင်သို့တင်ပြရန် အခြေခံဥပဒေပြဋ္ဌာန်းချက်အတိုင်း ပါရှိသော်လည်း ယင်းသို့တိုင်တန်းသည်နှင့်တစ်ပြိုင်နက် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှပြန်လည်ရုပ်သိမ်းသည်မဟုတ်ဘဲ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမည်ဖြစ်ပါကြောင်း၊ ကာယကံရှင်ကိုယ်စားလှယ်ကလည်း ခုခံချေပခွင့်ရှိကြောင်း၊ တိုင်ကြားချက်မမှန်ကန်ပါက ပယ်မည်ဖြစ်ပြီး မှန်ကန်မှုရှိလျှင်ပင် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဆန္ဒမဲပေးပွဲ ထပ်မံပြုလုပ်ပြီး ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ အတည်ပြုဆုံးဖြတ်ရမည်ဖြစ်ကြောင်းကို ဥပဒေကြမ်း ပြုစုထားခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်တန်းခွင့်ရှိသူ အရေအတွက်ကိုသာ အခြေခံဥပဒေနှင့်အညီ တစ်ရာခိုင်နှုန်းသတ်မှတ်ထားသော်လည်း နောက်ဆုံး အဆုံးအဖြတ်ပြုရာမှာ ၅၀ ရာခိုင်နှုန်းကျော် Majority Board ဖြင့် ဒီမိုကရေစီနည်းလမ်းကျ ဆုံးဖြတ်အတည်ပြုမည်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် အခြေခံဥပဒေပုဒ်မ ၁၀၀(က)နှင့် အညီ ဥပဒေကြမ်းတင်သွင်းပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် အခြေခံဥပဒေပုဒ်မ ၃၉၇ အရ လွှတ်တော်ကိုယ်စားလှယ်များထံမှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းရမည်ဟု ဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်သည်လည်း အခြေခံဥပဒေပုဒ်မ ၁၃၈(က)(ဂ)တို့နှင့် အညီ ဥပဒေကြမ်းကို အတည်ပြုဆောင်ရွက်ရန် ပြဋ္ဌာန်းထားရှိပြီး ဆိုင်းငံ့နိုင်ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသောအားဖြင့်လည်းကောင်း၊ မဲဆန္ဒရှင် နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်ကို အလေးထားသောအားဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအား ဆက်လက်ဆွေးနွေးအတည်ပြုပေးပါရန် အကြံပြုအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

"ကျွန်တော့်သဘောထားအမြင်ကို ပြောရင်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့စာကို လွှတ်တော်ကိုယ်စားလှယ်များက အလေးအနက်ထား ပြန်လည်သုံးသပ်သင့်ပါတယ်။ ဆောင်ရွက်မှုမှန်သမျှ တရားဝင်ဖို့ဆိုရင် အခြေခံဥပဒေနဲ့ညီဖို့လိုတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဒီနေ့တင်ပြချက်ဟာ အခြေခံဥပဒေနဲ့ညီညွတ်တယ်လို့ ကျွန်တော်ယူဆတယ်။ ပြည်သူ့လွှတ်တော်မှာ ဒီဥပဒေကြမ်းတင်လာတဲ့အခါကျရင် အခြေခံဥပဒေနဲ့ညီတဲ့ဘက်က ကျွန်တော်ရပ်တည်သွားပါ့မယ်"ဟု သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ပြောပြခဲ့သည်။

"ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ပြင်ပမှာ အသံကျယ်ကျယ်လောင်လောင်ဖြစ်သွားတယ်။ ဒါကတော့ ဥပဒေကြမ်းကော်မတီကနေပြီး အကြံပြုလိုက်တဲ့ အချက်အပေါ်မှာပြောကြတာပေါ့။ ဥပဒေကြမ်းကော်မတီအနေနဲ့ကလည်း လွှတ်တော်ကို ဥပဒေကြမ်းတစ်ရပ်နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာကို အကြံပြုခွင့်ဆိုတာ ဥပဒေ၊ နည်းဥပဒေမှာပြဋ္ဌာန်းထားတယ်။ အကျိုးအပြစ်ကတော့ ဒီလိုရှိနိုင်တယ်။ ဘယ်လိုအကျိုးအပြစ်လဲဆိုတော့ ဒီတစ်ရာခိုင်နှုန်းအရေအတွက် နည်းနည်းလေးနဲ့ လုပ်လိုက်လို့ရှိရင် ဒီမိုကရေစီ မရင့်သန်သေးတဲ့ကာလမှာ ဖြစ်နိုင်တယ်ဆိုတဲ့ဟာလေးကို သတိပေးဖို့တော့ လိုမယ်ဆိုတာ တင်ပြလိုက်တဲ့ အနေအထားပေါ့။ ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းတစ်ခုနဲ့ပတ်သက်လို့ လွှတ်တော်ကအသိပေးတင်ပြပြီးရင် (၇)ရက်အတွင်း အစီရင်ခံရတယ်။ ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ အစီရင်ခံတင်ပြပြီးပြီ။ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးကလည်း ပြင်ဆင်ချက်တွေ တင်ပြီးပြီ။ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ အားလုံးအဆင်သင့် ပြင်ဆင်ပြီးပါပြီ။ အကြံပြုချက်တွေအပေါ်မှာ မူတည်ပြီး လွှတ်တော်ကဆုံးဖြတ်ခဲ့တာပါ။ ဒါကြောင့် ဒီဥပဒေကြမ်းကို ဆွေးနွေးဖို့ ခေတ္တရပ်နားခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကိစ္စကို ပစ်ထားတာမဟုတ်ပါဘူး။ လွှတ်တော်ကတင်ပါလို့ ဆုံးဖြတ်ပြီးရင် တင်ဖို့အဆင်သင့်ပါပဲ။ ဒီနေ့တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စာပေးပို့လာပါတယ်။ ဒါလဲမှန်ပါတယ်။ ဥက္ကဋ္ဌကြီးက လွှတ်တော်ကိုအသိပေးလိုက်ပါပြီ။ လွှတ်တော်က ပြန်ပြီးဆွေးနွေးဖို့ ဆုံးဖြတ်လိုက်တာနဲ့ ဥပဒေကြမ်းကော်မတီက အသင့်ဖြစ်နေပါပြီ။ လွှတ်တော်ကိုယ်စားလှယ်တွေကို တာဝန်မကျေလို့ မဲဆန္ဒရှင်ပြည်သူတွေက တာဝန်ကိုပြန်လည်ရုပ်သိမ်းရင်လည်း ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကော်မတီအနေနဲ့ အားလုံး ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ပြောပြခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကား ပြောကြားရာတွင် ပြည်သူ့လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများကို အတည်ပြုဆွေးနွေးတိုင်ပင် ဆုံးဖြတ်ကြခြင်းများ ဆောင်ရွက်ခဲ့ကြပါကြောင်း၊ သာမန်အားဖြင့် မေးခွန်းများသည် အရေးမကြီးဟု ထင်စရာရှိသော်လည်း ပြည်သူလူထု၏ လိုလားတောင့်တချက်များ၊ တစ်နည်းအားဖြင့် ပြည်သူများ၏ အသံများကို ဒီမိုကရေစီနည်းလမ်းဖြင့် ဖော်ဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သော မေးခွန်းအပေါ် မူတည်၍ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်ဖြေကြားပေးရခြင်း၊ အကောင်ထည်ဖော်ဆောင်ရွက်ပေးရခြင်းများကို ဝမ်းမြောက်စွာ တွေ့ရမည်ဖြစ်ပါကြောင်း။

မေးခွန်းများကို ဖြေကြားပြီး အဖြေပေါ်မူတည်၍ ကတိဖြစ်လာပါက လုပ်ဆောင်ပေးရခြင်းများ ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ယနေ့အချိန်ထိ ကတိကဝတ်ဖြစ်ပြီး ကြယ်ပွင့်ပြမေးခွန်း(၄၄၀)၊ ဆောင်ရွက်ရန် ကျန်(၁၇၂)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၈၈၄)ခု၊ ဆောင်ရွက်ရန် ကျန် (၆၈၂)ခု၊ အတည်ပြုအဆို (၇၅)ခု၊ ဆောင်ရွက်ရန် ကျန်(၃၀)ဖြစ်ကြောင်းကို အစီရင်ခံစာတွင် တွေ့ရှိရပါကြောင်း။

လွှတ်တော်တွင်မေးလာသော မေးခွန်းများမှာ ကိုယ်စားလှယ်ကြီးများ၏ဒေသနှင့် မြန်မာပြည်တစ်လွှား ပြည်သူများ၏လိုအပ်ချက်၊ အခက်အခဲများကို ဖော်ပြနေခြင်းဖြစ်၍ သက်ဆိုင်ရာသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းနေရခြင်းကိုလည်း သဘောပေါက်လက်ခံပါကြောင်း။

သို့ဖြစ်၍ ကိုယ်စားလှယ်တိုင်း၏ မေးခွန်းများကို မေးမြန်းခွင့်ရရှိစေလိုပါကြောင်း၊ အားလုံးအတွက် မျှမျှတတဖြစ်စေရန်ရွေးရှုပြီး ကိုယ်စားလှယ်များကျင့်ဝတ်၊ စည်းကမ်းများနှင့် အချိန်ပိုယူမှု မရှိစေရေးအတွက် စိတ်မကောင်းစွာဖြင့် သတိပေးခဲ့ရသည်များလည်း ရှိခဲ့ရပါကြောင်း။

ယခုသတ္တမပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း (၁၂၆၂)ခုရှိခဲ့ပြီး ကြယ်ပွင့်ပြ(၄၄၂)ခုအနက် ဖြေကြားပြီး ကြယ်ပွင့်ပြ (၂၅၁)ခုရှိ၍ တစ်ဝက်ကျော်သာ မေးမြန်းဖြေကြားခွင့်အခွင့်အရေးများရှိခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြ(၈၂၀)အနက် ဖြေကြားပြီး(၅၃၂)ခုဖြစ်၍ သုံးပုံနှစ်ပုံသာ ဖြေကြားနိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

၎င်းသည်ကိုကြည့်ခြင်းအားဖြင့် မေးလာသောမေးခွန်းများကို မျှမျှတတ မေးမြန်းခွင့်ရရှိရေးသည် သတ်မှတ်ထားသောစည်းကမ်းနှင့် ကျင့်ဝတ်များကိုလိုက်နာပြီး အခွင့်အရေးပိုယူသည့်အဖြစ်မျိုး မရောက်ရှိစေရန် အချိန်ကိုလေးစားတန်ဖိုးထားရမည်ကို ဖော်ပြနေပါကြောင်း၊ အဆိုအနေဖြင့် ရောက်ရှိပေးပို့လာသော(၁၂)ခု၊ အရေးကြီးအဆို(၃)ခုဖြစ်၍ စုစုပေါင်းအဆို(၁၅)ခုရှိပါကြောင်း၊ ယင်းတို့အထဲမှ မေးခွန်းပြောင်း(၃)ခု၊ ရုပ်သိမ်း(၂)ခု၊ ရရန်ကျန် (၄)ခု၊ အသင့်ဖြစ်(၁)ခု ဖြစ်ပါကြောင်း။

တင်သွင်းအဆို(၅)ခုမှာ အတည်ပြုအဆို(၃)ခု၊ မှတ်တမ်းတင်အဆို (၂)ခု ဖြစ်ပါကြောင်း၊ အတည်ပြုအဆို (၂)ခု၊ မှတ်တမ်းတင်အဆို(၁)ခု၊ မေးခွန်း(၁)ခု စုစုပေါင်း(၄)ခုကို နိုင်ငံတော်သမ္မတထံ သဝဏ်လွှာအဖြစ် ပေးပို့နိုင်ခဲ့ပါကြောင်း၊ ဥပဒေကြမ်းအနေဖြင့် ယခုကာလအတွင်း ဆွေးနွေးရန်(၃၈)ခုရှိပြီး ဆွေးနွေးနိုင်သည်မှာ(၂၈)ခု၊ ပြီးပြတ်သည်မှာ(၁၆)ခု၊ ပြီးပြတ်ရန်ကျန်ရှိသည်မှာ(၁၂)ခုနှင့် ဆွေးနွေးရန်ကျန်(၁၀)ခု ရှိပါကြောင်း။

ယခုပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအတွင်း အနည်းအကျဉ်းသော မပြောပလောက်သည့် အားနည်းချက်များမှအပ လွှတ်တော်ကိုယ်စားလှယ်များသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တာဝန်ကျေစွာထမ်းဆောင်ခဲ့ကြသည့်အတွက် ဥက္ကဋ္ဌအနေဖြင့် ကျေနပ်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

လွှတ်တော်ရပ်နားချိန်တွင် ကျန်းမာရွှင်လန်းစွာဖြင့် မိမိမဲဆန္ဒရှင် ပြည်သူများထံသို့သွားရောက်ပြီး ပြည်သူ့အသံကိုနားထောင်ခြင်း၊ ပြည်သူ့အခက်အခဲနှင့် လိုအပ်ချက်များကို မြင်အောင်ကြည့်ပြီး ပြည်သူ့လိုအပ်ချက်များကို ဆောင်ရွက်ကြရန် တစ်လခန့်အကြာတွင် ပြန်လည်ကျင်းပမည့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာ ပြန်လည်တွေ့ဆုံကြရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို (၂၈) ရက်ကျင်းပနိုင်ခဲ့ပြီး ယနေ့အစည်းအဝေး နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

❍ အမျိုးသားလွှတ်တော်မှ

ကော်မတီဝင် ဦးတင်ယုက ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က ယင်းအစီရင်ခံစာကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ဇွန် ၂၅ ရက်မှ ယနေ့အထိ (၂၈)ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ သတ္တမပုံမှန်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့်ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ ကော်မတီ၊ ကော်မရှင်နှင့် အသင်းများဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း(၁၁၈)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၈၆)ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင်နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက အဆို(၁၄)ခုတင်သွင်းခဲ့ရာ အတည်ပြုသည့်အဆို(၁၁)ခု၊ မှတ်တမ်းတင် အဆို(၁)ခု၊ ရုပ်သိမ်းအဆို(၁)ခုနှင့် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသို့ တင်ပြထားသောအဆို(၁)ခုတို့ဖြစ်ပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၌ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဆက်သွယ်ရေးဥပဒေကြမ်း၊ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရွှေဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း၊ နေပြည်တော်စည်ပင်သာယာရေးဥပဒေကြမ်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း၊ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ သတင်းမီဒီယာဥပဒေကြမ်း၊ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း၊ မျက်စိလျှဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း၊ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တောင်သူလယ်သမားများ၏အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် ကာယဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီတို့၏ အစီရင်ခံစာများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ဩစတြေးလျ၊ ပြင်သစ်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံပါလီမန်များညီလာခံ(AIPA)ဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့(IPU)ဆိုင်ရာ ပူးပေါင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြုခြင်း၊ လွှတ်တော်၏အုပ်ချုပ်မှုကိစ္စများ၊ ကော်မတီအသီးသီး၏ လုပ်ငန်းကိစ္စများကိုလေ့လာသိရှိပြီး စုပေါင်းညှိနှိုင်း တာဝန်ယူ၍ လွှတ်တော်ဥက္ကဋ္ဌကို အထောက်အကူပြုရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူ၍ ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒလုပ်ငန်းညှိနှိုင်းရေးအဖွဲ့ကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းခြင်း ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီ(၁၇)ခု ဖွဲ့စည်းခြင်း၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ပယ်ဖျက်ခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာ ကော်မရှင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အစည်းအဝေးပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ကော်မတီအစည်းအဝေး (၁၁၈)ကြိမ်နှင့် ကော်မရှင် အစည်းအဝေး(၄) ကြိမ်ပြုလုပ်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးကိုရည်ရွယ်၍ ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၈ ရက်အတွင်း ဆွေးနွေးဟောပြောပွဲ(၁) ကြိမ်နှင့် အပြန်အလှန်ဆွေးနွေးပွဲ(၈)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် လွှတ်တော်ရေးရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားကစားကွင်း၊ အားကစားရုံများ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၃၀

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများကို ယမန်နေ့ မွန်းလွဲပိုင်းက လာရောက် ကြည့်ရှုလေ့လာကြရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့၌ လေးနေရာခွဲ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်လျက်ရှိသဖြင့် တာဝန်ကြီးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့်အားကစားသည် လူမျိုးတစ်မျိုးအတွက် အဓိကကျသည့် အခြေခံလိုအပ်ချက် ဖြစ်ပါကြောင်း၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားတက္ကသိုလ်၊ အားကစားဒီပလိုမာသင်တန်းများနှင့် လူထုအားကစား လှုပ်ရှားမှုများလိုအပ်ကြောင်း၊ ယနေ့လာရောက်ကြည့်ရှုလေ့လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် သက်ဆိုင်ရာဒေသအသီးသီးရှိ ပြည်သူထောင်သောင်းချီ သိရှိခွင့်ရရှိစေမည်ဖြစ်သဖြင့် ကျေးဇူးတင်ပါကြောင်း၊ အားကစားဖွံ့ဖြိုးတိုးတက်ရန် ကုန်ကြမ်း၊ ဘဏ္ဍာငွေနှင့် သီအိုရီများပါမှ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌက အားကစားကွင်း၊ အားကစားရုံ တည်ဆောက်ထားရှိမှုအပိုင်းမှာ အာဆီယံနိုင်ငံ ထိပ်ပိုင်းနိုင်ငံများအဆင့်မီကြောင်း၊ အားကစားသမားများ လေ့ကျင့်ယှဉ်ပြိုင်မှုများအား အလွန်အားရကြောင်း၊ အားကစားကွင်း၊ အားကစားရုံကောင်းမှသာ အားကစားအဆင့်အတန်း တိုးတက်မည်ဖြစ်ကြောင်း၊ အားကစားကွင်း၊ အားကစားရုံများကို ရေရှည်အကျိုးရှိအောင် အသုံးချမည့်အစီအစဉ်ကောင်းမွန်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ၊ ဝဏ္ဏသိဒ္ဓိနိုင်ငံတကာအဆင့်မီ ရေကူးကန်နှင့် အားကစားရွာတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပလျက်ရှိသည့် Pre SEA Games Karatedo Test Match Myanmar 2013 နောက်ဆုံးနေ့ပွဲစဉ်များကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများအပြီး ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဝင်းဇော်တို့နှင့်အတူ ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ (က)အသင်းနှင့်(ခ)အသင်း နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ်ခုနစ်ခုရရှိကာ နိုင်ငံအလိုက် အဆင့် (၁)ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအကြို လက်ကိုင်မီးထွန်းညှိတိုင် (Torch) သယ်ယူရန် အမျိုးသမီး (Volunteer) ၁၀၀ ဦး အလိုရှိသည်

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအကြို လက်ကိုင်မီးညှိတိုင် (Torch) ထွန်းညှိသယ်ယူခြင်း အခမ်းအနားကို ၁၀-၁၂-၂၀၁၃ ရက်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်၍ (Volunteer) များအဖြစ် ဆောင်ရွက်လိုသူ အမျိုးသမီး ၁၀၀ ခန့် အလိုရှိ၍ အောက်ဖော်ပြပါ လိုအပ်သောအရည်အချင်းများနှင့်အတူ လျှောက်ထားနိုင်သည်-

(က) မြန်မာတိုင်းရင်းသူဖြစ်ရမည်။
(ခ) ရုပ်ရည်ချောမောပြေပြစ်သူ အပျိုဖြစ်ရမည်။
(ဂ) ပညာရေးလျှော့ပေါ့စဉ်းစားမည်။
(ဃ) ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူဖြစ်ရမည်။
(င) အရပ် ၅ ပေ ၄ လက်မမှ ၅ ပေ ၇ လက်မအတွင်းရှိသူ ဖြစ်ရမည်။
(စ) အသက်(၁၈ နှစ်)မှ (၂၅ နှစ်)အတွင်း ဖြစ်ရမည်။
(ဆ) မြန်မာဆန်သော အသားအရောင်ရှိရမည်။
(ဇ) ဆံပင်အနက်ရောင်ဖြစ်ရမည်။
(ဈ) လှယဉ်ကျေးမယ်ဝတ်စုံဖြင့် တစ်လအတွင်း ရိုက်ကူးထားသော ၆ လက်မ × ၄ လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံရှေ့တည့်တည့်(၁)ပုံ၊ ဘေးစောင်း(၁)ပုံနှင့် ၆ လက်မ × ၄ လက်မအရွယ်ရှိ ရှေ့တည့်တည့်မှရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံ(၁)ပုံတို့ကို လျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၂။ လျှောက်လွှာပုံစံများကို YIN THU SWE Fashion Villa တိုက်(၅)၊ ပထမထပ်၊ အောင်ဇေယျလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ ရန်ကင်းကျောက်ကုန်း၊ ဖုန်း-၀၉-၅၀၂၀၉၆၀ နှင့် Stylish Boutique 126 New World Building ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၄၀၁၀၆၀၊ ၀၉-၄၃၁၆၉၆၀၄ တို့တွင် ၃၁-၈-၂၀၁၃ ရက်မှ စတင်၍ အခမဲ့ဆက်သွယ်ရယူနိုင်ပြီး လျှောက်လွှာလက်ခံမည့် နောက်ဆုံးရက်မှာ ၂၀-၉-၂၀၁၃ ရက်ဖြစ်သည်။ လူရွေးချယ်မည့်နေရာနှင့် ရွေးချယ်မည့်ရက်ကို လျှောက်လွှာရှင်များထံသို့ အချိန်မီအကြောင်းကြားမည်။

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန်
ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ
ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်ရေးဆိုင်ရာ ဇာတ်ခုံတည်ဆောက်ရေးပစ္စည်းများရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံကြီး၌ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီဆောင်ရွက်ပေးသည့် ပထမဆုံးအကြိမ်ပေးပို့သော ဖျော်ဖြေတင်ဆက်ရေးဆိုင်ရာ ဇာတ်ခုံတည်ဆောက်ရေးပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ဩဂုတ် ၂၇ ရက်တွင် ရောက်ရှိလာပြီး အဆိုပါပစ္စည်းများ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

▲ ကျောဖုံးမှ

MMA World Series Season 2013-2014 ကမ္ဘာ့ချန်ပီယံလုပွဲဖြစ်ရာ ကမ္ဘာကျော် လက်ရုံးရည်တိုက်ခိုက်ရေးပြိုင်ပွဲကြီး ဖြစ်သည်။

ယခုကျင်းပမည့်ပွဲတွင် အနိုင်ရရှိသူများကို ချန်ပီယံခါးပတ်များ ချီးမြှင့်မည်ဖြစ်ရာ ပွဲကောင်းများပင်ဖြစ်သည်။ ယှဉ်ပြိုင်ကြမည့်တွဲဆိုင်းများမှာ MMA Myanmar National Championships ၁၃၂-၁၃၉ ပေါင်တန်းတွင် ထက်အောင်ဦး(မြန်မာ)နှင့်ဖိုးသားကြီး(မြန်မာ)တို့ ထိုးသတ်ကြမည်ဖြစ်သည်။

ဆက်လက်ပြီး MMA Indochina Bantamweight Championship ၁၂၅-၁၃၅ ပေါင်တန်းတွင် ဆွီဒင်မှ Rick Granstad နှင့် ဖိလစ်ပိုင်မှ Sniper Ralols တွေ့ကြမည်ဖြစ်ရာ ဘက်ညီသူများဖြစ်သည်။ MMA Indochina Featherweight Championship ပြိုင်ပွဲတွင် ထိုင်းမှ Jitsada Pong Thong နှင့် ဖိလစ်ပိုင်မှ Dean Bermude တို့ကလည်း အတွဲညီကြသည်။ MMA Indochina Lightweight Championship ၁၄၅-၁၅၅ ပေါင်တန်းပွဲစဉ်တွင် နယူးဇီလန်မှ Bradley Stephen Riddell နှင့် မလေးရှားမှ Chee Jiam Kai တို့ထိုးသတ်မည်ဖြစ်ရာ ကိုယ်လုံးကိုယ်ထည် မတိမ်းမယိမ်းဖြစ်သည်။

ဆက်လက်ပြီး MMA Indochina Welterweight Championship ၁၅၅-၁၇၀ ပေါင်တန်းပွဲစဉ်တွင် ဩစတြေးယားမှ Ash Byrne နှင့် အီရန်မှ Alireza " King Punisher" Jadidi တို့ကလည်း ကိုယ်လုံးကိုယ်ထည်နှင့် ကြံ့ခိုင်မှုတို့မကွာသည်ဖြစ်ရာ အပြိုင်ကြဲကြမည့်အတွဲပင်ဖြစ်သည်။

တစ်ဖန် MMA World Series Welterweight Championship ၁၅၅-၁၇၀ ပေါင်တန်းတွင် ယှဉ်ပြိုင်မည့် ဂျပန်မှ Kenko"Samurai" Ura နှင့်ဩစတြေးလျမှ Brad Terrey တို့ကလည်း လုံးတူဒေါက်တူဖြစ်ရာ ပွဲကြမ်းမည့်အနေအထားရှိသည်။

ထို့အပြင် MMA World Series Heavyweight Championship Over 250 ပေါင်တန်းပွဲစဉ်တွင် အီရန်မှ Akbar Karimi နှင့်ပါကစ္စတန်မှ Norsherwan"Pak Attack" Khangada တို့က ပြိုင်ပွဲအတွေ့အကြုံ များသူများဖြစ်ရာ ဝါရင့်သမ္မာရင့်တို့၏ ထိပ်တိုက်တွေ့ဆုံကြမည့် အနေအထားဖြစ်သဖြင့် ပွဲကောင်းများအဖြစ် တွေ့မြင်ကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ကိုယ်ခံပညာ ပေါင်းစုံအတိုက် ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင် ထိုးသတ်မည့် ဂျပန်နှင့် ဩစတြေးလျ အတွဲကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)



စာမျက်နှာ ၆ မှ

အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမတိုင်ခင်အထိ စုဆောင်းရရှိထားသော စာအုပ်စုစုပေါင်းမှာ(၅၆၀၄)အုပ်ဖြစ်ပြီး ယခုသတ္တမပုံမှန်အစည်းအဝေးစတင်သည့်ကာလအတွင်း ထပ်မံစုဆောင်းရရှိသည့် စာအုပ်များမှာ(၈၆၄)အုပ်ဖြစ်၍ စုစုပေါင်းစာအုပ်(၆၄၆၈)အုပ်အား အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် စုဆောင်းရရှိထားပြီးဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးလိုပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့သက်ဆိုင်ရာနယ်မြေရှိ ပြည်သူတို့၏ဆန္ဒ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို နံနက်ပိုင်းတွင် ရပ်နားခဲ့ပြီး ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေပြဋ္ဌာန်း

အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး (၃) လ ပြည့်မြောက်သည့်နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အလုပ်ရှင်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် လည်းကောင်း၊ အမြဲတမ်း သို့မဟုတ် ယာယီလုပ်ကိုင်သော အလုပ်သမား သတ်မှတ်ဦးရေနှင့်အထက် လုပ်ကိုင်လျက်ရှိသည့် သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် သို့မဟုတ် ဖက်စပ်ပိုင်လုပ်ငန်းတွင်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုတွင် လည်းကောင်း၊ ကုမ္ပဏီတွင် လည်းကောင်း အလုပ်သမားခန့်ထား ပိုင်ခွင့်ရှိသူ သို့မဟုတ် ယင်းအလုပ်သမား ခန့်ထားပိုင်ခွင့် လွှဲအပ်ခြင်း ခံရသူကိုဆိုသည်။

(ခ) အလုပ်သမား ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် လည်းကောင်း၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် သို့မဟုတ် ဖက်စပ်ပိုင်လုပ်ငန်းတွင် လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုတွင်လည်းကောင်း၊ ကုမ္ပဏီတွင် လည်းကောင်း ကျွမ်းကျင်မှုလိုသော အလုပ်ကိုဖြစ်စေ၊ အသင့်အတင့် ကျွမ်းကျင်မှုလိုသော အလုပ်ကိုဖြစ်စေ၊ ကျွမ်းကျင်မှုမလိုသော အလုပ်ကို ဖြစ်စေ အခကြေးငွေဖြင့် လုပ်ကိုင်သူကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သင်အဖြစ် လုပ်ကိုင်သူလည်းပါဝင်သည်။

(ဂ) စက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း ဆိုသည်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဤဥပဒေပါ ကိစ္စများအလို့ငှာ ပြဋ္ဌာန်းသတ်မှတ်သည့် မည်သည့်အရပ်ဒေသ၌မဆို တည်ရှိသော စက်ရုံ၊ အလုပ်ရုံအမျိုးအစားတစ်ခု သို့မဟုတ် အများကိုလည်းကောင်း၊ လုပ်ငန်းအမျိုးအစားတစ်ခု သို့မဟုတ် အများကိုလည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံခွဲ၊ လုပ်ငန်းခွဲ၊ အလုပ်ရုံဌာနခွဲနှင့် လုပ်ငန်းဌာနခွဲ တစ်ခုခု၏ အမျိုးအစားတစ်ခု သို့မဟုတ် အများကိုလည်းကောင်း ဆိုသည်။

(ဃ) **လုပ်ခ၊ လစာ** ဆိုသည်မှာ အလုပ်လုပ်၍ရသော သာမန်လုပ်ခ၊ လစာ အပြင် အချိန်ပိုလုပ်ခနှင့် ရှားပါးစရိတ်ရနေလျှင် အချိန်ပိုလုပ်ခနှင့် ရှားပါးစရိတ်များလည်း ပါဝင်သည်။ ယင်းစကားရပ်တွင် အလုပ်သမား အား အလုပ်သဘောအလျောက်ကုန်ကျသည့် အထူးစရိတ်များ ကာမိစေရန် ခံစားခွင့်ပြုသည့်ငွေ မပါဝင်။

(င) **သင်တန်း** ဆိုသည်မှာ အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်သမားများ အားအသိပညာ၊ အတတ်ပညာဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှုတိုးတက်စေရန် ဖွင့်လှစ်သော လုပ်ငန်းခွင်အကြိုသင်တန်း၊ လုပ်ငန်းတွင်းသင်တန်း၊ ကျွမ်းကျင်မှုသင်တန်း၊ ကျွမ်းကျင်မှု အဆင့်မြှင့်သင်တန်းနှင့် အလုပ်ပြောင်းလဲမှုဆိုင်ရာ သင်တန်းများကိုဆိုသည်။

(စ) **သင်တန်းကျောင်း** ဆိုသည်မှာ အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်သမားများအား အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများနှင့် ကိုက်ညီမှု ရှိစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန် တည်ထောင်ဖွင့်လှစ်သော ကျောင်းကို ဆိုသည်။

(ဆ) **ကျွမ်းကျင်မှု** ဆိုသည်မှာ အလုပ်အကိုင်တစ်ခုခုကို သတ်မှတ်ချက်များ နှင့်အညီ လုပ်ကိုင်နိုင်ရန် လိုအပ်သော လုပ်ကိုင်မှုစွမ်းရည်ကို ဆိုသည်။

(ဇ) **ကျွမ်းကျင်မှုစံ** ဆိုသည်မှာ အလုပ်အကိုင်အမျိုးမျိုးအတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဤဥပဒေအရ သတ်မှတ်သော သို့မဟုတ် အသိအမှတ်ပြုသော အလုပ်အကိုင်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု အဆင့်နှင့်အညီ လုပ်ကိုင်ရန်လိုအပ်သည့် လုပ်ရည်ကိုင်ရည်စံ သတ်မှတ်ချက်ကို ဆိုသည်။

(ဈ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့က သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ သို့ ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဋ) **ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန** ဆိုသည်မှာ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီသဖြင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့က အသိအမှတ်ပြုပြီး လုပ်ပိုင်ခွင့်အပ်နှင်းထားသောဌာနကို ဆိုသည်။

(ဌ) **ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ် ရေးဌာနက ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **ကျွမ်းကျင်လုပ်သား** ဆိုသည်မှာ ဤဥပဒေအရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုး တက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ် ရေးဌာနက အလုပ်အကိုင်အမျိုးအစားအလိုက် ကျွမ်းကျင်မှုအသိအမှတ် ပြုလက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဎ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရတည်ထောင်သော ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ဆိုသည်။

(ဏ) **ထည့်ဝင်ကြေး** ဆိုသည်မှာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေသို့ သက်ဆိုင်ရာ အလုပ်ရှင်က ဤဥပဒေနှင့်အညီ ပေးသွင်းသော ငွေကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

အခန်း (၂)

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေခြင်း

၃။ ဝန်ကြီးဌာနသည် အလုပ်အကိုင်ရှာဖွေသူ၏ အသက်အရွယ်၊ စွမ်းအားနှင့် သင့်လျော်သည့် အလုပ်အကိုင်ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေး နှင့် ကျွမ်းကျင်မှုတိုးတက်ရေးတို့တွင် ကူညီရန်သော်လည်းကောင်း၊ လုပ်ငန်းခွင်နှင့်ကိုက်ညီ သင့်လျော်သော အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်များအား ကူညီရန်သော် လည်း ကောင်း လွယ်ကူသောအခွင့်အလမ်းများနှင့် လုပ်ငန်းများကို စီမံထားရှိရမည်။

၄။ (က) ပုဒ်မ ၃ ပါ ကိစ္စတစ်ရပ်ရပ်အလို့ငှာ ဝန်ကြီးဌာနသည်-

(၁) အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများကို လိုအပ်သလို တည်ထောင်ထားရှိနိုင်သည်။

(၂) အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ရန်သော် လည်းကောင်း၊ အလုပ်အကိုင် ရှာဖွေသူအား ကူညီရန်နှင့် လုပ်ငန်းခွင်နှင့်ကိုက်ညီ သင့်လျော်သော အလုပ်သမားရရှိရေးအတွက် အလုပ်ရှင်အား ကူညီပေးရန်သော်လည်းကောင်း၊ အစိုးရအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ခြင်းဖြင့်ဖြစ်စေ၊ အလုပ်အကိုင်ရှာဖွေနေသူများအား အခမဲ့ဝန်ဆောင်မှုပေးသော ပုဂ္ဂလိကပြည်တွင်း အလုပ်အကိုင်စုဆောင်းရေး အကျိုးဆောင် ကုမ္ပဏီများအား ခွင့်ပြုချက်ပေးခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ လိုအပ်သည့်အစီအစဉ်များကို ဆောင်ရွက်နိုင်သည်။

(ခ) အလုပ်အကိုင်ရှာဖွေသူသည် မိမိလုပ်ကိုင်လိုသော အလုပ်အကိုင်တွင် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု ဖြစ်ပွားနေသည်ဟု အကြောင်းပြ၍ သော်လည်းကောင်း၊ ရှာဖွေပေးသည့် အလုပ်အကိုင်မှရရှိမည့် အခကြေးငွေ သည် ထိုအလုပ်မျိုးတွင် အခြားသူများရရှိနေသော အခကြေးငွေအောက် လျော့နည်းနေသည်ဟု အကြောင်းပြ၍သော်လည်းကောင်း အလုပ်အကိုင် နှင့် အလုပ်သမားရှာဖွေရေးရုံးတစ်ခုခုက ရှာဖွေပေးသည့် အလုပ်အကိုင် ကိုလက်မခံဘဲ ငြင်းပယ်ခဲ့လျှင် ထိုသို့ငြင်းပယ်မှုအတွက် အဆိုပါရုံးက ပေးသည့် အခွင့်အလမ်းများနှင့် အကျိုးခံစားခွင့်များကို မဆုံးရှုံးစေရ။

(ဂ) ဝန်ကြီးဌာနသည် အလုပ်ရှင်က မိမိ၏လုပ်ငန်းတွင်လစ်လပ်သည့် သို့မဟုတ် လစ်လပ်မည့် အလုပ်အကိုင်နေရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားစေရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

အခန်း(၃)

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်း

၅။ (က) (၁) အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုရမည်။ သို့ရာတွင် အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတွင်အမြဲတမ်းဝန်ထမ်းခန့်အပ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၂) အလုပ်ခန့်ထားခြင်းမပြုမီ အကြိုသင်တန်းကာလနှင့် အစမ်းခန့် ကာလ သတ်မှတ်ပါက ယင်းသင်တန်းသားသည် ပုဒ်မခွဲငယ် (၁) ပါသတ်မှတ်ချက်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) အလုပ်အကိုင်အမျိုးအစား၊

(၂) အစမ်းခန့်ကာလ၊

(၃) လုပ်ခ၊ လစာ၊

(၄) အလုပ်အကိုင်တည်နေရာ၊

(၅) စာချုပ်သက်တမ်း၊

(၆) အလုပ်ချိန်၊

(၇) နားရက်၊ အလုပ်ပိတ်ရက်နှင့် ခွင့်ရက်၊

(၈) အချိန်ပိုလုပ်ကိုင်ခြင်း၊

(၉) အလုပ်ချိန်အတွင်း အစားအသောက်အစီအစဉ်၊

(၁၀) နေရာထိုင်ခင်း၊

(၁၁) ဆေးဝါးကုသခြင်း၊

(၁၂) အလုပ်ခွင်သို့ကြို၊ ပို့ယာဉ် စီစဉ်ပေးခြင်းနှင့် ခရီးသွားလာခြင်း၊

(၁၃) အလုပ်သမားများ လိုက်နာရမည့် စည်းကမ်းချက်များ၊

(၁၄) အလုပ်ရှင်စေလွှတ်သည့် သင်တန်းသို့ တက်ရောက်ရပါက ယင်း သင်တန်းတက်ရောက်ပြီးနောက် ဆက်လက်တာဝန်ထမ်းဆောင်ရန် အလုပ်သမားက သဘောတူညီသည့် ကာလသတ်မှတ်ချက်၊

(၁၅) အလုပ်မှနုတ်ထွက်ခြင်းနှင့် အလုပ်မှရပ်စဲခြင်း၊

(၁၆) စာချုပ်ရပ်စဲခြင်း၊

(၁၇) စာချုပ်ပါ စည်းကမ်းချက်အတိုင်း တာဝန်ရှိမှုများ၊

(၁၈) အလုပ်ခန့်ထားမှုသဘောတူညီချက်စာချုပ်အား အလုပ်ရှင်၊ အလုပ် သမား နှစ်ဦးသဘောတူဖျက်သိမ်းခြင်း၊

(၁၉) အခြားကိစ္စရပ်များ၊

(၂၀) စာချုပ်စည်းကမ်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက် ခြင်း၊

(၂၁) အထွေထွေ။

(ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်တွင် ထည့်သွင်းချုပ်ဆို သော လုပ်ငန်းခွင်စည်းကမ်းများသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ညီညွတ်ရမည့်ပြင် အလုပ်သမား၏ အကျိုးခံစားခွင့်များသည်လည်း တည်ဆဲ ဥပဒေတစ်ရပ်ရပ်ပါ ခံစားခွင့်များအောက် လျော့နည်းခြင်း မရှိစေရ။

(ဃ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အရ သတ်မှတ်ကာလ ထက်စော၍ လုပ်ငန်းပြီးဆုံးသွားလျှင်သော်လည်းကောင်း၊ မမျှော်လင့်သော အကြောင်းကြောင့် လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ လုပ်ငန်းတစ်စိတ်တစ်ဒေသ ကိုဖြစ်စေ ရပ်စဲလိုက်ရလျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ကိစ္စ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်သမားအား သတ်မှတ်ထားသော နစ်နာကြေးပေးရန် ဝန်ကြီးဌာန သည် အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။

(င) ပုဒ်မခွဲ(က)အရ ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘော
စာချုပ်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၌ ယာယီခန့်ထား
အလုပ်သမား၊ ပုတ်ပြတ် အလုပ်သမားများနှင့်လည်း သက်ဆိုင်

(စ) အလုပ်ရှင်နှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားများသ
သဘောတူညီမှုဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချ
လုပ်ငန်းခွင်စည်းကမ်းနှင့် အကျိုးခံစားခွင့်များကို တည်ဆဲဥပ
လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဆ) အလုပ်ရှင်နှင့်အလုပ်သမား ချုပ်ဆိုပြီးသော အလုပ်ခန့်ထ
သဘောတူညီချက်စာချုပ်မိတ္တူကို သက်ဆိုင်ရာ အလုပ်အကိုင်
သမား ရှာဖွေရေးရုံးသို့ သတ်မှတ်ကာလအတွင်း အလုပ်ရှင်
အတည်ပြုချက် ရယူထားရမည်။

(ဇ) ဤဥပဒေအတည်မဖြစ်မီ ချုပ်ဆိုခဲ့သောအလုပ်ခန့်ထားမှုဆိုင်
တူညီချက် စာချုပ်များသည် မူလစာချုပ်သက်တမ်းကုန်ဆုံး
အတည်ဖြစ်စေရမည်။

အခန်း (၄)

အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ကို
ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စု အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန

(၂) ပြည်ထောင်စုဝန်ကြီး
သက်ဆိုင်ရာဝန်ကြီးဌာနများ

(၃) မြို့တော်ဝန်
နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး
မြို့တော်စည်ပင်သာယာရေးကော်မတီများ

(၄) သက်ဆိုင်ရာဝန်ကြီး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၅) ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၆) ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ

(၇) ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ

(၈) ဒုတိယဝန်ကြီး အတ
ပြည်ထောင်စု အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အ
တို့ကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၇။ ဗဟိုအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မူဝါဒ
ပေးရမည်-

(က) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ခ) အလုပ်လက်မဲ့များ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊

(ဂ) အလုပ်သမားများ၏ စည်းကမ်းနှင့်စွမ်းဆောင်ရည် မြှင့်
ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် ဆော

(င) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို ဖွဲ့စ
လမ်းညွှန်ခြင်း။

၈။ ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်
ပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းရမ

(က) ဒုတိယဝန်ကြီး
ပြည်ထောင်စု အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး
သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ

(ဂ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူး
သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လုပ်ငန်း

(ဃ) ကိုယ်စားလှယ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(င) ကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့များ

(စ) ကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ

(ဆ) ညွှန်ကြားရေးမှူးချုပ် အတ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

၉။ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက
ဖြစ်သည်-

(က) ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ခ) အလုပ်လုပ်ကိုင်လိုသူများအား အလုပ်အကိုင်ရရှိစေခြင်း၊

(ဂ) အလုပ်လက်မဲ့များ နည်းပါးစေရန်ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်လုပ်ကိုင်နေသူများ၏ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြှင့်တ

၁၀။ (က) ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ
အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတ
ကို ဖွဲ့စည်းရမည်-

(၁) ဒုတိယဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့်
ပြည်ထောင်စုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူး
သက်ဆိုင်သည့်ဦးစီးဌာန သို့မဟုတ် လုပ်ငန်း

(၃) ကိုယ်စားလှယ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်

ဥပဒေပြဋ္ဌာန်း

ပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်
ဲ့အစည်း၌ ယာယီခန့်ထားသည့်နေ့စား
ားများနှင့်လည်း သက်ဆိုင်စေရမည်။
ုတ် အလုပ်သမားများသည် နှစ်ဖက်
မှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ
ားခွင့်များကို တည်ဆဲဥပဒေနှင့်အညီ

ဆိုပြီးသော အလုပ်ခန့်ထားမှုဆိုင်ရာ
ာက်ဆိုင်ရာ အလုပ်အကိုင်နှင့် အလုပ်
ာလအတွင်း အလုပ်ရှင်က ပေးပို့ပြီး

ာသာအလုပ်ခန့်ထားမှုဆိုင်ရာ သဘော
ာစာချုပ်သက်တမ်းကုန်ဆုံးသည်အထိ

တိုးတက်ရေးဆိုင်ရာ
ငန်းတာဝန်များ

တိုးတက်ရေးဗဟိုအဖွဲ့ကို အောက်ပါ

ဥက္ကဋ္ဌ
း၊ အလုပ်အကိုင်နှင့်

အဖွဲ့ဝင်
း
အဖွဲ့ဝင်
မန္တလေး
းကော်မတီများ
အဖွဲ့ဝင်
ပြည်နယ်အစိုးရအဖွဲ့
အဖွဲ့ဝင်
ုနိုင်ငံကုန်သည်များနှင့်
းအသင်းချုပ်
အဖွဲ့ဝင်
ုပ်သမားရေးရာအဖွဲ့များ
အဖွဲ့ဝင်
ုပ်ရှင်ရေးရာအဖွဲ့များ
အတွင်းရေးမှူး
း၊ အလုပ်အကိုင်နှင့်

တိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး

များနှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်

န်တီးပေးခြင်း၊
ဆောင်ရွက်ခြင်း၊
နှင့်စွမ်းဆောင်ရည် မြှင့်တင်ပေးရန်

ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊
တိုးတက်ရေးအဖွဲ့တို့ကို ဖွဲ့စည်းခြင်းနှင့်

၏ သဘောတူညီချက်ဖြင့် အောက်ပါ
က်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-
ဥက္ကဋ္ဌ
ပ်အကိုင်နှင့်

အဖွဲ့ဝင်
ဌာနများ
ဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လုပ်ငန်း
အဖွဲ့ဝင်
ုန်သည်များနှင့်
င်းချုပ်
အဖွဲ့ဝင်
းရေးရာအဖွဲ့များ
အဖွဲ့ဝင်
ရေးရာအဖွဲ့များ
အတွင်းရေးမှူး
န
ပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း

မ်းများ ဖန်တီးပေးခြင်း၊
လုပ်အကိုင်ရရှိစေခြင်း၊
ဆောင်ရွက်ခြင်း၊
မ်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။
စိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်
ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

ဥက္ကဋ္ဌ
ဝန်ပေးအပ်ခြင်းခံရသည့်

းဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
က် လုပ်ငန်း
အဖွဲ့ဝင်
ကုန်သည်များနှင့်

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(၄) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ကျွမ်းကျင်မှုဆိုင်ရာ အသင်းအဖွဲ့များ
(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ
(၆) ကိုယ်စားလှယ် — အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့များ
(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အလုပ်သမားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကျွမ်းကျင်သူများအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၁။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလုပ်အကိုင်များ၏ ကျွမ်းကျင်မှုစံများ ခွဲခြားသတ်မှတ်ခြင်း၊ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းခြင်း၊
(ခ) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမှုများ ခွဲခြားသတ်မှတ်၍ ကျွမ်းကျင်မှုလေ့ကျင့်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊
(ဂ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အစီအစဉ်များကို သတ်မှတ်ခြင်း၊
(ဃ) သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊
(င) ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးအစီအစဉ်များ ချမှတ်ခြင်း၊
(စ) အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်၍ စီမံခန့်ခွဲခြင်း၊
(ဆ) မိမိဖွဲ့စည်းသောကော်မတီများနှင့် ဆပ်ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း။

၁၂။ (က) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါကော်မတီများကို ဖွဲ့စည်းထားရှိရမည်-
(၁) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီ၊
(၂) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ။
(ခ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)ပါ ကော်မတီများအောက်တွင် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၃။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မတီအသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍-

(က) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီများသည် သက်ဆိုင်ရာ ကော်မတီအလိုက်ဖွဲ့စည်းမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းရေးဆွဲသတ်မှတ်ရမည်။
(ခ) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-
(၁) အလုပ်အကိုင် အမျိုးအစားနှင့် အဆင့်အလိုက် မှန်ကန်တိကျသော ကျွမ်းကျင်မှုစံများကို နိုင်ငံတကာစံများအားမှီငြမ်း၍ ရေးဆွဲသတ်မှတ်ခြင်း၊
(၂) ကျွမ်းကျင်မှုစံများနှင့်အညီ သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်း၊ လေ့ကျင့်ရေးစံများ သတ်မှတ်ခြင်း၊
(၃) လေ့ကျင့်ရေးနည်းပြအရည်အသွေးသတ်မှတ်ခြင်း၊
(၄) သင်တန်းကျောင်းများ၏စက်ပစ္စည်း၊ ကိရိယာနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်း စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊
(၅) သင်တန်းကျောင်းများ မှတ်ပုံတင်ခြင်းနှင့် လေ့ကျင့်ရေးအမျိုးအစားများ မှတ်ပုံတင်ခြင်း၊
(၆) နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊
(၇) မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း။
(ဂ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-
(၁) အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးမည့်စံ သတ်မှတ်ခြင်း၊
(၂) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ မှတ်ပုံတင်ခြင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးအစီအစဉ်များ မှတ်ပုံတင်ခြင်း၊
(၃) မှတ်ပုံတင်လက်မှတ်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊
(၄) အကဲဖြတ်ပုံစံသတ်မှတ်ခြင်း၊ စစ်ဆေးအကဲဖြတ်သူများနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ အရည်အသွေးအာမခံချက်ရှိရေးအတွက် အရည်အသွေးထိန်းသိမ်းရေးစနစ်နှင့် တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း၊
(၅) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း၊
(၆) အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆင့်အလိုက် သတ်မှတ်၍ ယှဉ်ပြိုင်ပွဲများ ပြုလုပ်ခြင်း၊
(၇) ပြိုင်ပွဲတွင် ထူးချွန်ပါက ထူးချွန်သူဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း။

အခန်း(၅)
အလုပ်သမားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များဆောင်ရွက်ခြင်း

၁၄။ အလုပ်ရှင်သည် မိမိ၏လုပ်ငန်းတွင် ခန့်အပ်ရန်လျာထားသော အလုပ်သမားများနှင့် လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ အလုပ်ရှင်သည် -

(က) အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို စီမံဆောင်ရွက်ရာ၌ လုပ်ငန်းတွင်းသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ လုပ်ငန်းခွင်၌စနစ်တကျလေ့ကျင့်သင်ကြားခြင်း၊ လုပ်ငန်းပြင်ပသင်တန်းများသို့ စေလွှတ်ခြင်းနှင့် သတင်းအချက်အလက်နည်းပညာအသုံးပြုသောစနစ်ဖြင့် လေ့ကျင့်သင်ကြားခြင်းတို့ ပြုလုပ်ရာတွင် လုပ်ငန်းတစ်ခုချင်းဖြစ်စေ၊ လုပ်ငန်းများပေါင်းစပ်၍ဖြစ်စေ အလုပ်သမား တစ်ဦးချင်း သို့မဟုတ် အုပ်စုအလိုက် လေ့ကျင့်သင်ကြားစေရန် ဆောင်ရွက်နိုင်သည်။
(ခ) အသက် ၁၆ နှစ် ပြည့်ပြီးသော လူငယ်များအား အလုပ်သင်အဖြစ် ခန့်ထား၍ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလုပ်အကိုင်နှင့်သက်ဆိုင်သည့် အတတ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားစေရန် ဆောင်ရွက်နိုင်သည်။

အခန်း(၆)
သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ မှတ်ပုံတင်ခြင်းနှင့် တည်ထောင်ဖွင့်လှစ်ခြင်း

၁၆။ (က) သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင် ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသူသည် သက်ဆိုင်ရာ ကော်မတီများမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားရမည်။
(ခ) တည်ဆဲဥပဒေများနှင့်အညီ ပြည်ပနိုင်ငံမှ လာရောက်၍ သင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတစ်ခုခု တည်ထောင်ဖွင့်လှစ်လိုသူသည် သက်ဆိုင်ရာကော်မတီများမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားရမည်။

၁၇။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၆ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ အရ ဖွဲ့စည်းသော သက်ဆိုင်ရာကော်မတီများကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်တင်ပြစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။
(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားခွင့်ပြုနိုင်သည်။

၁၈။ မှတ်ပုံတင်လက်မှတ်ရရှိသော သင်တန်းကျောင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် သက်ဆိုင်ရာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကော်မတီမှတစ်ဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၁၉။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်းသင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်နိုင်သည်။

၂၀။ မှတ်ပုံတင်ထားသော သင်တန်းကျောင်း၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ဖော်ပြပါ လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို ပြုစုပြီး ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထံ တင်ပြ၍ သဘောတူညီချက်ရယူခြင်း -
(၁) ကျွမ်းကျင်မှုစံ၊
(၂) သင်ရိုးညွှန်းတမ်း၊
(၃) သင်တန်းကျောင်းတည်နေရာ၊ အဆောက်အအုံနှင့် အသုံးအဆောင်ဖော်ပြချက်၊
(၄) သင်တန်းဆရာများ၏ အမည်နှင့် အရည်အချင်း၊
(၅) လေ့ကျင့်သင်ကြားမည့်ကာလ၊
(၆) သင်တန်းတွင် အသုံးပြုမည့် လေ့ကျင့်သင်ကြားရေးစနစ်၊ လေ့ကျင့်သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊
(၇) သင်တန်းဆင်းလက်မှတ်၊
(၈) သင်တန်းကြေး၊
(၉) ကျွမ်းကျင်မှုစံသတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီက သတ်မှတ်သော အခြားအချက်အလက်များ။
(ခ) သင်တန်းသားနှင့် သင်တန်းဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုထားခြင်း၊
(ဂ) သင်တန်းသားများ၏ ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းထားရှိခြင်း၊
(ဃ) သင်တန်းတစ်ခုပြီးမြောက်သည့်အခါ ၁၅ ရက်အတွင်း သင်တန်းနှင့်ပတ်သက်သော အစီရင်ခံစာကို ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊
(င) သင်တန်းကျောင်းအား အခြားသင်တန်းကျောင်း တည်ထောင်လိုသူထံ လွှဲပြောင်းလိုပါက လွှဲပြောင်းခြင်းမပြုမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊
(စ) သင်တန်းကျောင်းကို ရပ်ဆိုင်းလိုပါက သင်တန်းသားများအား လုပ်ငန်းအမျိုးအစားတူညီသော အခြားသင်တန်းကျောင်းတစ်ခုခုသို့ ကျန်ရှိသော သင်တန်းကုန်ကျစရိတ်များနှင့်အတူ လွှဲပြောင်းပေးခြင်း။

၂၁။ မှတ်ပုံတင်ထားသော သင်တန်းကျောင်းတည်ထောင်သူသည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ်ရရှိသည့် နိုင်ငံခြားသားကျွမ်းကျင်သူများနှင့် နိုင်ငံခြားသားနည်းပြများအား ခေါ်ယူခန့်ထားခွင့်ရှိသည်။ ယင်းတို့၏နေထိုင်ခွင့်ကာလသည် တည်ဆဲဥပဒေနှင့်အညီ ဖြစ်စေရမည်။
(ခ) သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ ပြည်ပမှ တင်သွင်းနိုင်သည်။

၂၂။ မှတ်ပုံတင်ထားသော ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးအစီအစဉ်များကို ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထံ တင်ပြ၍ သဘောတူညီချက်ရယူခြင်း-
(၁) အသိအမှတ်ပြုထားသော ကျွမ်းကျင်မှုစံများကို အခြေပြုထားသည့် စစ်ဆေးရေး အစီအစဉ်၊
(၂) ဌာနတည်နေရာ၊ အဆောက်အအုံနှင့် အသုံးအဆောင်ဖော်ပြချက်၊
(၃) စစ်ဆေးအကဲဖြတ်သူများ၏ အမည်နှင့် အရည်အချင်း၊
(၄) စစ်ဆေးမည့်ကာလ၊
(၅) စစ်ဆေးရေးဌာနတွင်အသုံးပြုမည့် စစ်ဆေးရေးအထောက်အကူပြုပစ္စည်းများ၊
(၆) စစ်ဆေးမည့် မေးခွန်းများအနေအထား၊
(၇) အကဲဖြတ်ရာတွင် အသုံးပြုမည့် ကျွမ်းကျင်မှုစံနှင့်နည်းစနစ်၊
(၈) ကျွမ်းကျင်မှုစစ်ဆေးခံသူထံမှ ကောက်ခံရမည့် အခကြေးငွေနှုန်းထား၊
(၉) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးကော်မတီက သတ်မှတ်ထားသော အခြားအချက်အလက်များ။
(ခ) ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားသော ကျွမ်းကျင်မှုစစ်ဆေးခံသူများအတွက် စည်းကမ်းချက်များ သတ်မှတ်ထားရှိခြင်းနှင့် စစ်ဆေးမှုဆိုင်ရာ အစီအစဉ်များ သတ်မှတ်ခြင်း၊
(ဂ) ကျွမ်းကျင်မှုစစ်ဆေးခံသူများ၏ ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းထားရှိခြင်း၊
(ဃ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ပြီးနောက် ၁၅ ရက်အတွင်း အစီရင်ခံစာကို ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း၊
(င) ကျွမ်းကျင်မှုစစ်ဆေးခံ၍ အောင်မြင်သူများအား ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊
(စ) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနကို ရပ်ဆိုင်းလိုပါက ကျွမ်းကျင်မှု စစ်ဆေးခံသူများအား လုပ်ငန်းအမျိုးအစားတူညီသော အခြားကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတစ်ခုခုသို့ ကျန်ရှိသော ကုန်ကျစရိတ်နှင့်အတူ လွှဲပြောင်းပေးခြင်း၊
(ဆ) ကျွမ်းကျင်မှု စစ်ဆေးခံသူများကို အခြားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနသို့ လွှဲပြောင်းခြင်းမပြုမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ တင်ပြခြင်း။

၂၃။ မှတ်ပုံတင်ထားသော ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနသည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ်ရရှိသည့် နိုင်ငံခြားသားကျွမ်းကျင်သူများ၊ နိုင်ငံခြားသားအကဲဖြတ်သူများအား ခေါ်ယူခန့်ထားခွင့်ရှိသည်။ ယင်းတို့၏ နေထိုင်ခွင့်ကာလသည် တည်ဆဲဥပဒေနှင့်အညီ ဖြစ်စေရမည်။
(ခ) စစ်ဆေးအကဲဖြတ်ရေးအထောက်အကူပြုပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ ပြည်ပမှတင်သွင်းနိုင်သည်။ သက်ဆိုင်ရာ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနသို့ စစ်ဆေးမှုခံယူရန် လျှောက်ထားနိုင်သည်။

အခန်း (၇)
ကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲများ ကျင်းပခြင်း

၂၄။ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီသည် လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲအဆင့်ဆင့် ဖြစ်ပေါ်လာစေရန် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ရမည်။ ယှဉ်ပြိုင်ပွဲ၏ ကျွမ်းကျင်မှုရလဒ်များမှတစ်ဆင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရမည်။

၂၅။ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရှိသော အလုပ်သမားသည် ပြည်တွင်း၊ ပြည်ပတွင်ကျင်းပသော သက်ဆိုင်ရာကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

အခန်း(၈)
အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၂၆။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပြီး အောက်ပါကိစ္စရပ်များအတွက် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲနိုင်သည်-

(က) အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးတို့အတွက် လေ့ကျင့်သင်ကြားပေးခြင်း၊
(ခ) အကြောင်းတစ်ရပ်ရပ်ကြောင့် အလုပ်ရပ်စဲခြင်းခံရပြီး အခြားလုပ်ငန်းတစ်ခုခုသို့ ပြောင်းလဲလုပ်ကိုင်လိုသော အလုပ်သမားများအား လိုအပ်သည့် ကျွမ်းကျင်မှု ပြန်လည်လေ့ကျင့်သင်ကြားပေးခြင်း၊
(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါကိစ္စရပ်များအတွက် ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် ငွေချေးခြင်း။

၂၇။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရန်ပုံငွေအတွက် ထည့်ဝင်ကြေးများ မှန်မှန်ပေးသွင်းရေးကို ကြပ်မတ်ခြင်း၊
(ခ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေအား စီမံခန့်ခွဲခြင်း၊
(ဂ) ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံနိုင်သောငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဘဏ်တစ်ခုခုတွင် အပ်နှံထားခြင်း သို့မဟုတ် အစိုးရငွေစုလက်မှတ်များ ဝယ်ယူစုဆောင်းထားခြင်း၊
(ဃ) ရန်ပုံငွေသို့ အလှူငွေပေးအပ်သူရှိပါက ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် လက်ခံရယူခြင်း၊
(င) ရန်ပုံငွေထည့်ဝင်ခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးမှုခံယူခြင်း။

၂၉။ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီသည် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်သော စည်းမျဉ်း စည်းကမ်းနှင့်အညီ အောက်ပါကိစ္စရပ်တစ်ခုခုအတွက် ရန်ပုံငွေကို သုံးစွဲခွင့်ပြုနိုင်သည် -

(က) အလုပ်သမားများ၏ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်းသင်တန်းတစ်ခုခုသို့စေလွှတ်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်းနှင့် သင်တန်းအစီအစဉ် တိုးချဲ့ခြင်းများပြုလုပ်မည့် အလုပ်ရှင်များအား ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် ငွေချေးခြင်း၊
(ခ) အလုပ်ရှင်က ယင်း၏အလုပ်သမားများအတွက် သင်တန်းနှင့်စပ်လျဉ်း၍ ကုန်ကျခဲ့သည့် စရိတ်များကို တင်ပြတောင်းခံလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊
(ဂ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်သော အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

စာမျက်နှာ ၁၀ သို့

ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ၉ မှ

၃၀။ (က) စက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း၏အလုပ်ရှင်သည် ယင်း၏ လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများအားပေးချေရသည့် စုစုပေါင်း လုပ်ခ၊ လစာ၏သုညဒသမငါးရာခိုင်နှုန်းအောက် မနည်းသောငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်မပျက်မကွက် ပေးသွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးသွင်းသည့် ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက်ခြင်းမပြုရ။

၃၁။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အရ အလုပ်ရှင်က ရန်ပုံငွေသို့ပေးသွင်းရမည့် ထည့်ဝင်ကြေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍ၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းအရွယ်အစားနှင့် အလုပ်သမားဦးရေအပေါ် မူတည်ပြီး သတ်မှတ်နိုင်သည်၊

(ခ) ခိုင်လုံသော အကြောင်းပြနိုင်ပါက အလုပ်ရှင်တစ်ဦးဦးအား ရန်ပုံငွေသို့ ထည့်ဝင်ကြေးပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၂။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ပြည်ပမှလာရောက်ဖွင့်လှစ်သော သင်တန်းများ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ရမည်။

၃၃။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အကြံဉာဏ်များရယူနိုင်ရန် အကြံပေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်သည်။

အခန်း (၉)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ကို အတုပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၇)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ဝန်ကြီးဌာန၏ခွင့်ပြုမိန့်မရှိဘဲ အလုပ်အကိုင်စုဆောင်းရေး လုပ်ငန်းကို လုပ်ကိုင်ကြောင်း သို့မဟုတ် အလုပ်သမားထံမှ အခကြေးငွေ ရယူဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို အလုပ်အကိုင် သို့မဟုတ် အလုပ်သမားရရှိရန်အလို့ငှာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတစ်ခုခု သို့မဟုတ် အဆိုပါရုံးဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စားဆောင်ရွက်နေသူတစ်ဦးဦးထံ မမှန်ကြောင်းသိလျက်နှင့် မမှန်သောဖော်ပြချက်ကိုဖြစ်စေ၊ မမှန်သော ပြောဆိုချက်ကိုဖြစ်စေ တင်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သည့်အလုပ်ရှင်မဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုရန် ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အရပေးသွင်းရမည့် ထည့်ဝင်ကြေးပေးသွင်းရန် ပျက်ကွက်ခြင်း။

၃၉။ မည်သူမဆို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၀)

အထွေထွေ

၄၀။ ရန်ပုံငွေမှ ချေးယူထားသောငွေကို သတ်မှတ်သော အချိန်ကာလအတွင်း အလုပ်ရှင်က ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် အဆိုပါချေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၂။ ၁၉၅၀ ခုနှစ်၊ အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

* *ကျောဖုံးမှ*

ထွက်သွား၍ နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ထိုင်းအသင်းက ခြေသာခဲ့ပြီး ၃၅ မိနစ်တွင် ဆူချင်က ဖရီးကစ်မှတစ်ဆင့် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ထိုင်းအသင်းအတွက် ဒုတိယဂိုးကို ၄၁ မိနစ်တွင် ဆာရာဝပ်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကြည်လွင်၊ သန်းတိုးအောင်၊ ဝင်းအောင်တို့ကို အနားပေးခဲ့ရာ ရှေ့တန်း၌ မျိုးလှိုင်ဝင်းနှင့် တွဲကစားမည့်သူ မရှိဖြစ်သွားသည်။ ၇၃ မိနစ်တွင် မြန်မာအသင်းမှ ပယ်နယ်တီကန်ခွင့်ရရှိခဲ့သော်လည်း တင်မြင့်အောင် ကန်သွင်းရာ ဘေးထွက်ခဲ့သည်။ ထိုင်းအသင်းအတွက် တတိယဂိုးကို ၈၆ မိနစ်တွင် အာဒီဆက်က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၇ မိနစ်တွင် မောင်မောင်ဌေးက ပြန်သွင်းပေးခဲ့သည်။

အိမ်ရာအဆောက်အအုံ ဆောက်လုပ်ရေး မြန်မာ-ဂျပန်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism (MLIT) တို့ ပူးပေါင်း၍ "Myanmar and Japan Building and Housing Conference" ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဂျပန်နိုင်ငံမှ အဆောက်အအုံအိမ်ရာများနှင့်ပတ်သက်၍ နည်းပညာဖလှယ်ရန် လာရောက်ဆွေးနွေးခြင်းအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ဂျပန်နိုင်ငံ (MLIT) မှ Mr. Kimihiro Hashimoto က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံ MUT မှ ကိုယ်စားလှယ်များသည် နှစ်နိုင်ငံအိမ်ရာအဆောက်အအုံများ အခြေအနေ၊ ခေတ်မီနည်းစနစ်ဖြင့် တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းစနစ်များ၊ မြေနေရာအနေအထားများ၊ လုပ်ငန်းအတွေ့အကြုံများ၊ နည်းပညာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အား အသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့နံနက်၁၁နာရီ ၅၇ မိနစ် စက္ကန့် ၃၀ အချိန်တွင် မန္တလေးမြေလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၆၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပတရုတ်နိုင်ငံ (Northern Xinjiang) ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ဝ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၃၀

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၁/၂၀၁၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်မင်းရာဇာခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးသန့်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ပို့ချ

သင်တန်းတွင် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ အပြည်ပြည်ဆိုင်ရာညီလာခံများကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာစီးပွားဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ နိုင်ငံတကာဆက်သွယ်ပြောဆိုမှုပညာစသည်တို့ကို ပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၇၆ ဦးတို့ တက်ရောက်ခဲ့ကြကာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်၌ ယာဉ်ငယ်နှစ်စီးတိုက်

ရန်ကုန် ဩဂုတ် ၃၀

ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမကြီးနှင့် ပန်းလှိုင်လမ်းဆုံထောင့်၌ ယာဉ်ငယ်နှစ်စီးတိုက်မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်ပွားပုံမှာ အောက်ကြည့်မြင်တိုင်လမ်းမကြီးအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ ယာဉ်မောင်းကိုသူရမောင်းနှင်လာသော ကုမ္ပဏီပိုင် စူဇူကီး RC-၁၂၈/--- မှာ အာလာဒင်ကလေးကစားကွင်းအကျော်၌ တစ်ဖက်ယာဉ်ကြောသို့ ပြန်ကွေ့စဉ် ယင်းလမ်းမကြီးအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ ယာဉ်မောင်းကိုနေလင်းအောင် မောင်းနှင်လာသော တိုယိုတာ (ဗင်) DX ၅ယ/---- တို့ အရှိန်မထိန်းနိုင်ကြဘဲ ခေါင်းချင်းဆိုင်တိုက်မိခဲ့ပြီး ယာဉ်ငယ်နှစ်စီးစလုံး၏ ခေါင်းပိုင်းများ ပျက်စီးခဲ့ရသည်။

ဒဏ်ရာများရရှိ

တိုယိုတာကားပေါ်၌ ယာဉ်မောင်းကိုနေလင်းအောင်တစ်ဦးတည်းသာ ပါရှိပြီး စူဇူကီးကားပေါ်၌ ယာဉ်မောင်းကိုသူရနှင့်အတူ ကားခေါင်းခန်း၌ ကိုပြည့်ဖြိုးအောင်တို့ ပါရှိလာခဲ့သည်။ ယာဉ်နှစ်စီး တိုက်မှုကြောင့် တိုယိုတာယာဉ်မောင်းကိုနေလင်းအောင်နှင့် စူဇူကီးပေါ်၌ လိုက်ပါလာသူ ကိုပြည့်ဖြိုးအောင်တို့ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ကြသည်။ ဒဏ်ရာရရှိသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရပ်ကွက်မှ တာဝန်သိပြည်သူများက ပေးခဲ့ကြသည်။ **(ဝ၄၂)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မိတ္ထီလာ)မြေနေရာအနက်မှ အကျယ်အဝန်း (ပေ ၂၀၀× ပေ ၁၅၀) ဝ ဒသမ ၆၈ဧကအား စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်၍ နှစ်ရှည်မြေငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - **၁၀-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ**

တင်ဒါစိစစ်မည့်နေရာ - **ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ် ၂၉၊ နေပြည်တော်**

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - **၁၀-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီ**

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မိတ္ထီလာ)တွင် ၃၀-၈-၂၀၁၃ရက် (သောကြာနေ့)မှစ၍ တစ်စုံလျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ကျေးဇူး ဆပ်ပါမည်

ကျွန်မ သူသူ၏ နိုင်ငံကူးလက်မှတ်အမှတ် M-၇၈၄၇၈၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၂၀၃၉၇

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၅၇
ကွယ်လွန်သူ ဒေါ်သန်းသန်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

အမှတ် ၈၃/၈၅ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သန်းသန်း၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်အေးအေးမြက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသည်ဖြစ်၍ ဤအမှုကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်)ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သန်းသန်း၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ၊ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင်၊ ရုံးတော်က ဆိုခဲ့သောဒေါ်သန်းသန်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် ဩဂုတ်၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လဲ့လဲ့အေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၈-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-ခ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဖော်ပြပါရှိသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ လူနေရပ်ကွက်-ကံဘဲ့၊ မြေကွက်အမှတ် ၁၁၉/B ၊ ဧရိယာ ၀ဒသမ၁၈၅၈ဧက၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၂၈/B၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ဖော်ပြချက်အစား **အမှတ်-၂၈၊ ကျောက်ကုန်းလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် နက္ခတ်တာရာပြခန်း ကျောင်းသား ကျောင်းသူများအား အပတ်စဉ်အခမဲ့ကြည့်ရှုနိုင်ရန်စီစဉ်

နေပြည်တော် ဩဂုတ် ၃၀

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ တိရစ္ဆာန်ဥယျာဉ်နေပြည်တော်၊ နက္ခတ်တာရာပြခန်းနှင့်ဆာဖာရီဥယျာဉ်တို့ကို အပတ်စဉ်အခမဲ့လေ့လာကြည့်ရှုခွင့်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

“ကျောင်းသား ကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒအသိပညာဗဟုသုတများ၊ စကြဝဠာနဲ့ ပတ်သက်တဲ့ နက္ခတ်တာရာ ဗဟုသုတများ အသိအမြင်ကြွယ်ဝလာစေရန် ရည်ရွယ်ပြီး နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်အလှည့်ကျခေါ်ယူပြီး အခမဲ့ကြည့်ရှုနိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပါတယ်”ဟု တိရစ္ဆာန်ရုံ (နေပြည်တော်)မှ အုပ်ချုပ်ရေးမှူး ဦးခင်မြင့်က ပြောကြားသည်။

ပြောကြား

“ကျွန်တော်တို့ ဒီတစ်ပတ်မှာတော့ ဒက္ခိဏသီရိမြို့နယ်က အထက (၁၈) မှ ဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူ ၅၅ ဦးကို အခမဲ့ကြည့်ရှုလေ့လာခွင့်ပေးတာဖြစ်ပါတယ်ခင်ဗျာ။ ကျောင်းသား ကျောင်းသူများ သွားရေးလာရေး၊ တိရစ္ဆာန်ရုံအတွင်း လည်ပတ်ရေးနှင့်နေ့လယ်စာတို့ အပါအဝင် အဆင်ပြေမှုရှိစေရန် ထူးဖောင်ဒေးရှင်းနှင့်တိရစ္ဆာန်ဥယျာဉ်နှင့် ဥယျာဉ်များလုပ်ငန်းဌာနတို့ ပညာရေးကူညီထောက်ပံ့မှုအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးတာဖြစ်ပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။

“ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်းနဲ့ ဆာဖာရီဥယျာဉ်တို့ကို လေ့လာနိုင်ဖို့ လောလောဆယ်နေပြည်တော်မှာရှိတဲ့ ကျောင်းများမှ အပတ်စဉ်အလှည့်ကျခေါ်ယူတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့က ပညာရေးထောက်ပံ့မှုတစ်ရပ်အဖြစ် ကျွန်တော်တို့အစီအစဉ်နဲ့ခေါ်ယူတာဖြစ်ပါတယ်၊ ဒါပေမယ့် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က ကျောင်းသား ကျောင်းသူတွေ အဖွဲ့လိုက် ကိုယ့်အစီအစဉ်နဲ့ လေ့လာရေးလာမယ်ဆိုရင်လည်း အခမဲ့ကြည့်ရှုလေ့လာနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်”ဟု ထူးကုမ္ပဏီမှ အကြီးတန်းမန်နေဂျာ ဦးသန်းဌေးက ပြောကြားသည်။

ယခုကဲ့သို့ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်းနှင့် ဆာဖာရီဥယျာဉ်တို့ကို အခမဲ့ကြည့်ရှုနိုင်အောင် နေပြည်တော်ရှိကျောင်းများမှ စာတော်သည့် ကျောင်းသား ကျောင်းသူများကို အဓိကရွေးချယ်ခေါ်ယူပြီး ပြသခြင်းဖြစ်သည်။ အခြားသော ကျောင်းသား ကျောင်းသူများက စာကြိုးစားချင်စိတ်တိုးပွားလာစေရန်ရည်ရွယ်ပြီး ရွေးချယ်ခေါ်ယူခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ခုနှစ် မတ်လတွင် သစ်တောရေးရာဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများနှင့် ကျေးငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များ စုံလင်စွာ ပြသထားသည်။

ထို့အတူ ဆာဖာရီဥယျာဉ်တွင်လည်း အလွန်ရှားပါးသည့် အာဖရိကမျိုးနွယ်သတ္တဝါများ ပြသထားသည်။ အထူးသဖြင့် ကုလားအုတ်၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်၊ ကျား၊ ခြင်္သေ့ပြကွက်များ ပြသထားသည်။ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ဆင်ပြကွက်နှင့် ဖျံအကပြကွက်များမှာ လူကြိုက်အများဆုံးပြကွက်များဖြစ်သည်။

သတင်း - မြင့်မောင်စိုး
ဓာတ်ပုံ - ကျော်သူဝင်း

တစ်ဖန် နက္ခတ်တာရာပြခန်းမှာလည်း စကြဝဠာကြီးဖြစ်တည်နေပုံအကြောင်း၊ လူတို့နေထိုင်ရာ ကမ္ဘာအကြောင်း၊ ဂြိုဟ်ကြီးကိုးလုံးနှင့် နက္ခတ်တာရာများအကြောင်းတို့ကို ဗဟုသုတဖြစ်ဖွယ်လေ့လာနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများ တိရစ္ဆာန်ဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းများကို ကြည့်ရှုလေ့လာရခြင်းဖြင့် သတ္တဗေဒ၊ ရုက္ခဗေဒနှင့် နက္ခတ်ဗေဒဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်သူများသိရှိနိုင်ပါရန်

၂၀၁၃ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းဥပဒေအရ -

သန်းခေါင်စာရင်း ကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့် ကိစ္စအတွက်မျှ အသုံးပြုခွင့် သို့မဟုတ် စစ်ဆေးခွင့် မရှိစေရ။

မေးခွန်းများကိုမှန်ကန်စွာဖြေဆိုခြင်းအားဖြင့် နိုင်ငံတော်မှ သင်နေထိုင်ရာ နယ်မြေအတွင်း အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်မည် -

- လိုအပ်သောစာသင်ကျောင်းအရေအတွက်
- လိုအပ်သော ဆေးရုံ/ ဆေးပေးခန်းအရေအတွက်
- ရေပေးဝေမှုစနစ်
- လျှပ်စစ်မီးပေးဝေရမည့်ပမာဏ
- အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရမည့်အခြေအနေ
- နယ်မြေကာကွယ်ရေးအတွက်လိုအပ်ချက်များ
- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ
- မသန်စွမ်းသူများစောင့်ရှောက်ရေး
- ဘိုးဘွားများစောင့်ရှောက်ရေး
- အမျိုးသမီးများနှင့် ကလေးသူငယ်များစောင့်ရှောက်ရေး

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရေးယူသိမ်းဆည်းထားသော ပိုင်ရှင်မဲ့စက်ဘီး ၄၃၁စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ ရောင်းချမည့်စက်ဘီး ၄၃၁ စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပြီး နိုင်ငံသားမည်သူမဆို ဝယ်ယူနိုင်ပါသည်-

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၃-၉-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်	- ၉-၉-၂၀၁၃ ရက်
တင်ဒါဖွင့်မည့်ရက်	- ၁၀-၉-၂၀၁၃ ရက်
တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုံလမ်းနှင့်ပြည်လမ်းထောင့်၊ ဒဂုံမြို့နယ်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၁၁၃၊ ၀၁-၂၁၆၆၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၈၇ အမည်ပေါက် ဦးဖေရင်(ခ)ဥစာသောင်းသောင်း ၁၂/ကတတ(နိုင်)၀၀၇၀၇၀ ထံမှ ဝယ်ယူထားသူ ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈၏ လက်ဝယ်ရှိ ပါမစ်မူရင်းသည် ရုံးခွဲလယ်ဂျာ၌ စာရင်းမသွင်းရသေးပါသဖြင့် ရုံးခွဲစာရင်းဝင်ရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ငွေရတုဆုတောင်း

ဖေဖေ ဦးကျော်စိန်၊ မေမေ ဒေါ်မူမူဌေး(ကျော်ဖက်ရှင်၊ ပဲခူး)တို့၏ (၂၅)နှစ်မြောက်ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ဘာသာအကျိုး၊ သာသနာအကျိုး၊ ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး	- ကိုယဉ်ကျော်သက်-မသီရိထွန်း
မြေး	- ကျော်သုတ၊ သက်ထက်မြတ်နိုး
သမီးလတ်	- မခိုင်ရတနာကျော်
သမီးငယ်	- မပိုးရတနာကျော်

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ- ၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆၂
ကွယ်လွန်သူ ဒေါ်ဘေဘီတန်(ခ)ဒေါ်တန်ဘွန်စွမ် ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်တန်မွေအင်း(ခ)ဒေါ်မြင့်သန်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၁၉၇ နေ ဒေါ်တန်မွေအင်း(ခ)ဒေါ်မြင့်သန်းက ကွယ်လွန်သူဒေါ်ဘေဘီတန်(ခ)ဒေါ်တန်ဘွန်စွမ်၏ ညီအစ်မအရင်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၂၁ လမ်း၊ အမှတ် ၃၀တွင် ကွယ်လွန်သူ ဒေါ်ဘေဘီတန်(ခ)ဒေါ်တန်ဘွန်စွမ်၏ ကမ္ဘောဇဘဏ်လီမိတက်၊ မင်္ဂလာဈေး(ဘဏ်ခွဲ)၊ တာမွေမြို့နယ်၌ စုဆောင်းငွေ ၉၀၇၆၉၄၀၈.၄၂ ကျပ် (ကိုးရာ့ခုနစ်သိန်းခြောက်သောင်းကိုးထောင်လေးရာ့ရှစ်ကျပ်နှင့် လေးဆယ့်နှစ်ပြားတိတိ)ကို ထုတ်ယူနိုင်ရန်နှင့် ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ဘေဘီတန်(ခ)ဒေါ်တန်ဘွန်စွမ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၆ရက် (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) နံနက် ၁၀း၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် အထက်အမည်ပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၄၅၂ အမည်ပေါက် ဦးဝင်းမြိုင် စီဂျီ-၀၁၇၉၉၈ထံမှ ဝယ်ယူထားသူ ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈၏ လက်ဝယ်ရှိ ပါမစ်မူရင်းသည် ရုံးခွဲစာရင်းမဝင်ရသေးပါသဖြင့် ရုံးခွဲစာရင်းဝင်ခွင့်ပြုပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝန်ထမ်းအလိုရှိသည်။

(၁) Air-Con ကျွမ်းကျင်	(၅)ဦး
(၂) Air-Con အလုပ်သင်အကူ	(၅)ဦး
(၃) ယဉ်မောင်း	(၃)ဦး

CV အလုပ်သမားမှတ်ပုံတင်ကတ်ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

PANDA Engineering Group
30(B), Daw Thein Tin St. MTNT, Yangon
09 73229024, 09 5158803, 09 5198402

ပျောက်ဆုံးကြောင်း

ကျွန်တော် တေဇာထွန်း(ဘ)ဦးထွန်းတင် ၁၃/ပတယ(နိုင်)၀၃၉၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

တေဇာထွန်း ဖုန်း-၀၉-၄၂၀၇၂၂၉၉၀

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းထွန်းဦး ၁၂/ကတတ(နိုင်)၀၂၇၃၅၁ ကိုင်ဆောင်သူ ပတ်စ်ပို့အမှတ် ၃၅၅၀၈၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၈၇၅၀၀၊ ၀၉-၃၁၂၅၀၂၂၀

ပြည်တွင်းသတင်း

သီးနှံသစ်တောရောနှောစိုက်ပျိုးနည်းစနစ် သစ်တောများ ရေရှည်တည်တံ့ရေး အထောက်အကူပြု

နေပြည်တော် ဩဂုတ် ၃၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ကျေးလက်နေပြည်သူများကို သဘာဝအခြေအနေကောင်းများ ဖန်တီးပေးမှု လုပ်ငန်းလည်း ပါဝင်သည်။ သစ်တောဦးစီးဌာနသည် သစ်တောပြုစုထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်လိုက်လျောညီထွေနေထိုင်ခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ လေထုညစ်ညမ်းမှုထိန်းသိမ်းခြင်းနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးလုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ ပါဝင်ဆောင်ရွက်ရန် ပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်း၊ လက်တွေ့ဆောင်ရွက်စေခြင်းတို့ဖြင့် စည်းရုံးဆောင်ရွက်လျက်ရှိသည်။

ထိုလုပ်ငန်းစဉ်နှင့်အညီ ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သာဂရ လမ်းဘေးမိုင်တိုင်(၉၄/၁)နှင့် (၉၄/၂)အနီးရှိ အောင်မြင်ဖြစ်ထွန်းနေသော ၂၀၁၀-၂၀၁၁ ခုနှစ် သီးနှံသစ်တောရောနှောစိုက်ခင်း ငါးဧကနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် သီးနှံသစ်တောရောနှောစိုက်ခင်း ၁၅ ဧကသို့ သာစည်ကြိုးပြင်ကာကွယ်တောနှင့်ဘုရံကြီးဝိုင်းအတွင်း အခြေချလုပ်ကိုင်လျက်ရှိသော ယာသမား ၄၅ ဦးကို ဩဂုတ် ၅ ရက်တွင် လေ့လာရေးခရီးပို့လွှတ်ခဲ့ပြီး သီးနှံသစ်တောရောနှောစိုက်ပျိုးနည်းစနစ်နှင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ လုပ်ငန်းအဆင့်ဆင့်၊ လုပ်ထုံးလုပ်နည်းများကို ချပြဆွေးနွေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်က လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့် သစ်တောနယ်မြေများအတွင်း ခွင့်ပြုချက်မရှိဘဲ နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်သည့် ကျေးလက်ပြည်သူများအနေဖြင့် သစ်တောများ ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ဖော်ဆောင်ရေးတွင် ပူးပေါင်းလာနိုင်ပြီး စားဝတ်နေရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃၀-၈-၂၀၁၃	**ရွှေဈေး**	(အောင်သမာဓိရွှေဆိုင်)
ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၂၀၅၀၀-၆၇၈၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၂၀၇၀၀-၆၇၈၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၈ - ၉၈၈	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၆ - ၁၃၀၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၈ - ၇၆၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၆ - ၃၁. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၅ - ၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀ - ၂၉၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၄၅၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀-၃၀၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀-၅၈၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၀၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၃၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀-၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၅၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၇
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၈၀-၈၀၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၇၅-၁၁၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၅၀-၄၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၅၀၀-၂၆၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၇၅-၁၁၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရေမြောင်းတူးဖော်ရာမှ ဗုံးဆန်တစ်လုံးတွေ့ရှိ

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သူကြီးစုနယ်မြေတွင် ယမန်နေ့က ပေ ၈၀ လမ်းမကြီးဘေးရေမြောင်းများ တူးဖော်ရာမှ စစ်ကျန် ဗုံးဆန်တစ်လုံး အလျား တစ်ပေ၊ လုံးပတ် ရှစ်လက်မခန့်ကို မြောင်းတူးဖော်သူ အလုပ်သမားများက တွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ သတင်းပေးပို့ရာ သက်ဆိုင်ရာက လာရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၄၅)**

ကလေးတစ်ဦး ပရုတ်လုံးထည့်ထားသောရေ သောက်မိရာမှ ဆေးရုံတင်ပို့ခဲ့ရ

တောင်သာ ဩဂုတ် ၃၀

တောင်သာမြို့အခြေခံပညာ အထက်တန်းကျောင်းတွင် ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီခွဲက ကျောင်းသားတစ်ဦး ရေသောက်ရာက ဆေးရုံတင်ပို့ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ သတ္တမတန်းကျောင်းသား မောင်ကျော်ရဲအောင်(၁၂နှစ်)သည် စုပေါင်းတန်းစီအပြီး စာသင်ခန်းအတွင်း ဝင်ရောက်စဉ် ရေသောက်ခဲ့ကြောင်း၊ အနံ့ရ၍ရှာဖွေခဲ့ရာ ရေအိုးအတွင်း၌ ပရုတ်လုံးဟု ယူဆရသော ပလတ်စတစ်အထုပ် တွေ့ရှိခဲ့ကြောင်း၊ နာရီဝက်ခန့်ကြာသောအခါ ဝမ်းအတွင်းပူလာ၍ ဆေးရုံတင်ပို့ကုသခဲ့ရကြောင်းသိရသည်။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထင်ကျော်က ပရုတ်လုံးတွင် ဓာတုဗေဒပစ္စည်းများပါဝင်နေ၍ အော့အန်ခြင်း၊ ခေါင်းမူးခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းပူလာခြင်းများဖြစ်စေနိုင်ကြောင်း၊ ပမာဏများပါက အသက်အန္တရာယ်စိုးရိမ်ရကြောင်း ရှင်းပြခဲ့သည်။

လင်းလက်ကြယ်(တောင်သာ)

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)အတွက် 500 KVA Generator(Open type)(1 Lot)အား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၈-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီ အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော် တပ်ကုန်း
ပြန်ကြားရေးဝန်ကြီးဌာန၊ဖုန်းအမှတ် ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

အမြန်ပြန်လာပါ

ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးကျော်ဇေယျာဦး ၇/ပခန(နိုင်)၂၁၉၂၀၇ သည် ဇနီးသည်အား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်၍ နေအိမ်မှဆင်းသွားပါသည်။ ကျွန်မ၏ခင်ပွန်းအား လက်ခံထားသူများသည် ကျွန်မထံသို့အကြောင်းကြားပေးရန်နှင့် အိမ်တွင်းရေးပြဿနာများဖြေရှင်းရန် အမြန်ပြန်လာပါ။

ဒေါ်အေးချမ်း ၁၄/မမန(နိုင်)၁၄၃၉၁၄
အမှတ် ၂၇၉၊ ၁-က ရပ်ကွက်၊ ဖလမ်း၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၂၂၀၈၅၊၀၉-၄၃၀၇၇၀၄၂

အမည်မှန်

ဦးတင်မောင်ဝင်း၏သမီး အထက(၁) လမ်းမတော်၊ တက္ကသိုလ်ဝင်တန်း(A)မှ ဧပြီစိုး၏ အမည်မှန်မှာ မဗေရယ်စိုးဖြစ်ပါသည်။

မဗေရယ်စိုး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကွေးချို အထက တက္ကသိုလ်ဝင်တန်း(C)မှ မနွယ်နွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်ငွေ ၉/သစန(နိုင်) ၀၄၇၄၁၀ ဖြစ်ပါကြောင်း။ **ဖခင်-ဦးညွန့်ငွေ**

အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် ၈၈/ခနေ ကျွန်မ ဒေါ်ရွှေချီ ၁၃/တကန(နိုင်)၀၁၂၈၅၉၏ သမီးငယ်ဖြစ်သူ မတင်တင်မြသည် မိခင်နှင့်ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်ပြုမူလျက်ရှိပြီး ခွင့်မလွှတ်နိုင်သည့် အပြုအမူများဆောင်ရွက်လျက် ရှိပါသဖြင့် ယနေ့မှစ၍ ၎င်းအား အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝတာဝန်မယူ၊ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင် ဒေါ်ရွှေချီ ၁၃/တကန(နိုင်)၀၁၂၈၅၉နှင့်
ညီအစ်ကိုမောင်နှမများ

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အရှေ့ပိုင်း(၁)ရပ်ကွက်၊ အေးချမ်းဖြိုးလမ်း၊ အမှတ် ၅ ဟုခေါ်တွင်သော ပေ ၆၀×ပေ ၂၂၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံသုံးလုံးတို့ကို အပြီးအပိုင်လွှဲပြောင်း ရောင်းချမည်ဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ယခုကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ ကျွန်ုပ်ဦးဉာဏ်လင်း(တရားလွှတ်တော်ရှေ့နေ)ထံသို့ ခိုင်လုံသောအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ဖော်ပြပါရောင်းချမည့်ပစ္စည်းများကို အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမြင့် ၁၄/ပတန(နိုင်)၁၈၁၂၁၈
၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဉာဏ်လင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၀၈)
အမှတ်-၆၆၊ နဝရတ်လမ်း၊
(၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၁-၆၁၁၈၈၅၊ ၀၉-၄၅၀၀၄၉၃၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၂၀၊ ဧရိယာ စတုရန်းပေ ၂၄၀၀ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ ၂၄ လမ်း၊ အမှတ် ၇၂၀ ဟုခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကြသူ ဦးစောနိုင် KTN- ၀၅၀၉၈၃ နှင့် ဒေါ်မိမိနှောင်း ၁၂/ဗဟန(နိုင်)၀၀၇၄၉၄ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉) LL.B, D.I.L တရားလွှတ်တော်ရှေ့နေ

ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈) LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ

အမှတ်(၁၀/၁၂)၊ အခန်း-၁၀၄(အီး)၊ ပထမထပ်၊ ၃၅ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၄၁၅၄၁၀၊ ၀၉-၄၃၀၆၅၅၄၉၊ ၀၉-၄၄၈၀၂၅၉၉၃

အာရှသိပ္ပံစခန်းချအစီအစဉ်သို့ မြန်မာကျောင်းသားများတက်ရောက်

ရန်ကုန် ဩဂုတ် ၃၀

ဂျပန်နိုင်ငံ ဆူကူဘာမြို့ရှိ Epochal Tsukuba-Tsukuba International Congress Center ၌ ကျင်းပလျက်ရှိသည့် သတ္တမအကြိမ်မြောက် Asian Science Camp 2013 သို့ တက်ရောက်ရန်အတွက် Mandalay Technology ၏ အမှုဆောင်ဒါရိုက်တာ ဦးသူရ ဦးဆောင်သည့် မြန်မာကျောင်းသားလေးဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

Asian Science Camp ၏ အဓိကရည်ရွယ်ချက်မှာ သိပ္ပံပညာရပ်များတွင် ထူးချွန်သော ကျောင်းသားလူငယ်များနှင့် ကမ္ဘာ့သိပ္ပံပညာရှင်ကြီးများအကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာ ရင်းနှီးချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုများကို အာရှ၏ မျိုးဆက်သစ်ကျောင်းသားလူငယ်များအတွင်း ပိုမိုတိုးတက်ကောင်းမွန်ရေးကို ဦးတည်ခြင်းဖြစ်သည်။ Asian Science Camp တွင် နိုဗယ်ဆုရသိပ္ပံပညာရှင်များနှင့် ကမ္ဘာ့ ထင်ရှားကျော်ကြားသော သိပ္ပံပညာရှင်များ၏ ဟောပြောပို့ချမှုများ၊ မျက်နှာစုံညီတွေ့ဆုံမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကျောင်းသားနှင့်ပညာရှင်များ အပြန်အလှန်ဆွေးနွေးမှုများ၊ တီထွင်ကြံဆမှု ပိုစတာပြိုင်ပွဲနှင့် ဒေသန္တရလေ့လာရေးအစီအစဉ်များ ပါဝင်သည်။

နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကျောင်းသားပေါင်း ၂၀၀ ခန့် ပါဝင်ဆင်နွှဲကြမည့် Asian Science Camp 2013 အစီအစဉ်တွင် မြန်မာနိုင်ငံကရန်ကုန်ဆေးတက္ကသိုလ်(၂) ကျောင်းသား မောင်ရဲလွင်ဖြိုး၊ ရတနာပုံဆိုင်ဘာစီးတီး နည်းပညာတက္ကသိုလ်ကျောင်းသား မောင်သန်းဌေးအောင်၊ ဘားအံနည်းပညာတက္ကသိုလ်ကျောင်းသူ မယဉ်ယဉ်စန်းနှင့် ရန်ကုန်ချင်းတွင်းကောလိပ် ကျောင်းသား မောင်ဝင်းမော်ဦးတို့လေးဦး တက်ရောက်ခွင့်ရရှိခဲ့သည်။

အောင်သူရ

တာချီလိတ်၌ လေပွေလှိုင်းဖြစ်ပေါ်

တာချီလိတ် ဩဂုတ် ၃၀

ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စုအတွင်း ရုတ်တရက်လေပွေလှိုင်းဖြစ်ပေါ်ကာ ငါးမိနစ်ခန့် တိုက်ခတ်သွားခဲ့သဖြင့် ပါဆတ်-ဝမ်လိကျေးရွာ ပြည်ထောင်စုကားလမ်းမကြီးဘေးရှိ နိုင်ငံတော်ပိုင် ကျွန်းစိုက်ခင်းမှ ကျွန်းပင် ၁၅ ပင်နှင့် လျှပ်စစ်မီးတိုင်နှစ်တိုင်၊ အထက(ဟောင်လိတ်) ဝင်းအတွင်းရှိ ကျွန်းပင်တစ်ပင်၊ အာခါဈေးအနီးရှိ လျှပ်စစ်မီးတိုင်နှစ်တိုင်နှင့် တာချီလိတ် မြို့ဝင်ကြိုဆိုရေးမုခ်ဦးအနီးရှိ (၂၇) ကြိမ်မြောက် ဆီးဂိမ်းလှုံ့ဆော်ရေးမြေစိုက်ပိုစတာများပြိုလဲခဲ့ကာ တစ်မြို့လုံး လျှပ်စစ်မီးများ ပြတ်တောက်ပြီး ယာဉ်သွားလာမှု ခေတ္တပိတ်ဆို့သွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးထွဋ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့်တာဝန်ရှိသူများရောက်ရှိလာကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၏ အလျင်အမြန်ရှင်းလင်းရေး ဆောင်ရွက်ပေးမှုကြောင့် နာရီဝက်ခန့်အကြာတွင် ယာဉ်ကြောရှင်းလင်းသွားခဲ့သည်။

လေပွေလှိုင်းတိုက်ခတ်မှုကြောင့် သက်တမ်းရင့်အပင်များအပါအဝင် ကျွန်းပင်အချို့ အမြစ်မှကျွတ်လဲခဲ့ရပြီး ဆုံးရှုံးမှုစာရင်းကို သက်ဆိုင်ရာသစ်တောဦးစီးဌာနမှ စာရင်းပြုစုလျက်ရှိကာ လေပွေလှိုင်းကြောင့် အခြားသောလူနေအိမ်များ၊ ယာဉ်များ၊ လူများ တစ်စုံတစ်ရာ ထိခိုက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများ ဆင်းကတ်များရပြီ

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်ရှိ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူများကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် တန်ဖိုးနည်းဆင်းကတ်များမဲစနစ်ဖြင့်ချထားပေးမှုကို ဩဂုတ် ၂၇ ရက်က တစ်ပြိုင်နက်တည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ မော်တော်ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများကို မဲစနစ်ဖြင့် ချထားပေးရာတွင် ဇမ္ဗူသီရိမြို့နယ်၌ ဆိုင်ကယ်ကယ်ရီပြေးဆွဲသူ ၄၁၅ ဦးတို့အတွက် GSM ဆင်းကတ်သုံးကတ်၊ CDMA ဆင်းကတ် ၁၅ ကတ် စုစုပေါင်း ၁၈ ကတ်၊ ပုဗ္ဗသီရိမြို့နယ်ဆိုင်ကယ်ကယ်ရီဂိတ် ၁၇ ဂိတ်ရှိ လက်ရှိ ဆိုင်ကယ်ကယ်ရီပြေးဆွဲသူ ၁၆၅ ဦးကိုလည်း ဆင်းကတ်များ မဲစနစ်ဖြင့် ချထားပေးခဲ့ပြီး အလားတူ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်၌လည်း မော်တော်ဆိုင်ကယ် ကယ်ရီပြေးဆွဲသူများအတွက် ဆင်းကတ် စုစုပေါင်း ၁၈ ကတ်ချထားပေးခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ

ကသာမြို့နယ် ဝက်တူးကျေးရွာ၌ မူးယစ်ဆေးဝါးများဖမ်းဆီးမိ

ကသာ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ဝက်တူးကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁နာရီခွဲက ကသာမြို့နယ် အင်းရွာရဲစခန်းမှူး ရဲအုပ်စိုးလှိုင်နှင့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးပပျောက်ရေး စီမံချက်အရ ကျေးရွာမှ သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဝက်တူးကျေးရွာ မောင်ဇော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်၏ဧည့်ခန်းဝါးထရံဘေးမှ ဘိန်းမည်းဟု ယူဆရသော အမည်းရောင်အစေးသုံးထုပ်၊ ဘိန်းမည်းခတ်နှစ်ထုပ်၊ ကွန်ပါဘူး နှစ်ဘူးနှင့် မီးဖိုခန်းအတွင်းမှ ဘိန်းမည်းခတ်ပုံချက်ရာတွင် အသုံးပြုသည့် ဒယ်အိုးတစ်လုံး၊ ခတ်တံနှစ်ချောင်း၊ ဘိန်းစစ်ဖတ်စတစ်ခုတို့ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် မောင်ဇော်ကို ဥပဒေအရအရေးယူပေးပါရန် တိုင်ကြားထားသောအမှုဖြစ်ကြောင်းသိရသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးသုံးစွဲသူ မောင်ဇော် (၃၇ နှစ်)ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့်ဗုဒ္ဓဂယာဘုရားဖူးစေလွှတ်ရေး
လုပ်ငန်းကော်မတီတို့မှ ကြီးမှူးကျင်းပမည့် ဗုဒ္ဓဂယာဘုရားဖူးအတွေ့အကြုံများနှီးနှောဖလှယ်ပွဲ

UMTA

အိန္ဒိယ-နီပေါ [illegible] ဘုရားဖူးခရီးစဉ်များ [illegible] စိတ်ပါဝင်စားသူများ [illegible] စာရင်းပေးသွင်းတက်ရောက် နိုင်ပါသည်။

နေ့ရက် - [illegible] (၂ ရက်ဆွေးနွေးမည်)
အချိန် - နေ့စဉ် နံနက် (၉:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
နေရာ - UMFCCI (ပ) ထပ် ခန်းမ၊ ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
စာရင်းသွင်းရန် - UMFCCI ၊ (၇) လွှာ ၊ UMTA ရုံးခန်းတွင် ဓါတ်ပုံ (၂) ပုံ လျှောက်လွှာပုံစံ ၊ ဝင်ကြေး တစ်ဦးလျှင် [illegible]/- ကျပ် ပေးသွင်းပြီး ([illegible]) နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။ ([illegible])

(နှီးနှောဖလှယ်ပွဲတက်ရောက်ခြင်း အသိအမှတ်ပြုလက်မှတ်၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် အတွေ့အကြုံများ လက်စွဲစာအုပ်များပေးပါမည်။)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထူးစီမံကိန်းကြီးအဖွဲ့(၁)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေနှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် ရွှေဘို-မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း(ကုန်ထုတ်ဆက်သွယ်ရေးလမ်း)၊ ချောင်းမ-လင်းကတော-ပခုက္ကူလမ်းနှင့် ပခုက္ကူမြို့ရှောင်လမ်းပိုင်း လမ်း/တံတားလုပ်ငန်းများအတွက် ကျောက် ရွယ်စုံ ၉၈၇၅ ကျင်း၊ မြစ်သဲ ၁၂၀၈ ကျင်း၊ ကျောက်ရောမြေ ၈၄၉ ကျင်း၊ မြေကြီးတူးတင်/သယ်ပို့ခ ၇၄၆၇၁ ကျင်း၊ တောသစ် ၃၆ ဒသမ ၂၅ တန်၊ ဘိလပ်မြေသယ်ပို့ခ ၂၅၅၁ တန်ကို သတ်မှတ်စံချိန်၊ စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၁-၈-၂၀၁၃ ရက်
(ခ) **နောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** - ၁၀-၉-၂၀၁၃ ရက် ညနေ ၁၆:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၂-၉-၂၀၁၃ ရက် နံနက် ၁၀ နာရီ
(ဃ) **ပြုလုပ်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး အထူးစီမံကိန်းကြီးအဖွဲ့(၁) အစည်းဝေးခန်းမ၊ ရန်အောင်(၂) ရပ်ကွက်၊ ဆေးရုံကုန်းလမ်း၊ ပျဉ်းမနားမြို့

၂။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၂၄၇၆၂၊ ၀၉-၄၉၃၄၃၂၄၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

တပ်ကြပ်ကြီး မောင်ကျော် - ဒေါ်လှလှဌေး တို့၏ သား တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မောင်ရဲလင်းကျော် ၉/ဇယသ(နိုင်) ၀၀၇၇၃၀ အား မောင်ရန်နိုင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရန်နိုင်ကျော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁၀၊ မြေကွက်အမှတ်(၁၇)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်ထက် အောင်ထံမှ တစ်ဆင့် ဝယ်ယူထားသည့် ရှိုရမ်ဇုက်(ခ) ဦးဝင်းသိန်း ၁၂/လသန (ဧည့်)၀၀၀၃၇၆က နှစ် ၆၀ မြေငှားစာချုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ်(၁၈)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်ထက်အောင်ထံမှ တစ်ဆင့် ဝယ်ယူထားသည့် ဒေါ်နန်းစန္ဒာထွန်း ၁၃/တကန(နိုင်)၀၀၃၂၇၁ က နှစ် ၆၀ မြေငှားစာချုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ်(၂၀၊၂၁)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်ထက်အောင်ထံမှ တစ်ဆင့် ဝယ်ယူထားသည့် ဒေါ်နန်းစံဟောင်း(ခ)စံဟွမ် ၁၃/တကန(နိုင်)၀၀၄၀၄၈ က နှစ် ၆၀ မြေငှားစာချုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက် စာတမ်းအထောက်အထား (မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှု မရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အလကနိုင်လုံ၊ သတ္တမတန်း(A)မှ မသဇင်အောင်နှင့် ဆဋ္ဌမတန်း(A)မှ မောင်ကျော်ကျော်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ၆/ကသန(နိုင်)၀၆၆၀၇၅ ဖြစ်ပါကြောင်း။

ဦးအေးမင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ်(၁၆)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်ထက်အောင်ထံမှ တစ်ဆင့် ဝယ်ယူထားသည့် ဒေါ်ခင်အုန်းမြင့် ၁၂/ကတတ (နိုင်)၀၁၂၁၄၇၊ ဦးအိကြိန်(ခ)ဦးအေးနိုင် ၁၂/လမန(နိုင်)၁၁၁၂၉၂တို့က နှစ် ၆၀မြေငှားစာချုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား(မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ်(၁၅)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်ထက်အောင်ထံမှ တစ်ဆင့် ဝယ်ယူထားသည့် ဒေါ်ယုအိုင် ၆/မအရ(နိုင်)၀၅၅၄၉၃၊ ဦးကျော်အောင် ၆/မအရ(နိုင်)၀၅၇၄၃၈တို့က နှစ် ၆၀ မြေငှားစာချုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား (မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးသာဝင်း ၁၄/ရကန(နိုင်)၀၅၈၂၈၈ ၏သမီး မထူးထူးအောင် ၁၄/ရကန(နိုင်) ၀၈၈၄၉၈ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးသာဝင်း

ယာဉ်မှတ်တင်စာအုပ် ပျောက်ဆုံးခြင်း

ယာဉ်အမှတ် သ/၉၈၄၀၊ Nissan Laurel ၊ S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမျိုးနွယ် ၁၂/ဗဟန(နိုင်)၀၀၅၃၂၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နိုင်ငံတကာအားကစားသတင်း

လီဗာပူးနဲ့ မန်ယူအားစမ်းပွဲ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၃) ပွဲကောင်းတွေအဖြစ် စက်တင်ဘာ ၁ ရက်မှာ လီဗာပူးနဲ့မန်ယူ၊ အာဆင်နယ်နဲ့စပါး၊ ဝက်စ်ဘရွန်းနဲ့ ဆွမ်ဆီးတို့ သုံးပွဲကတော့ ပရိသတ်အကြိုက်အဖြစ် အသုံးတော်ခံပါလိမ့်မယ်။ လီဗာပူးကို မန်ယူတို့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပြီး အာဆင်နယ်တို့လည်း စပါးကို ရင်မောဖွယ်ရာ ကစားရဦးမှာဖြစ်ပါတယ်။

လီဗာပူးနှင့် မန်ယူ

မန်ယူအတွက် ဒီပွဲစဉ်ဟာ အဓိကကစားသမားတွေ အကုန်ထုတ်သုံးမှ ရပါလိမ့်မယ်။ လီဗာပူးကွင်းမှာ သွားကစားတိုင်း နိုင်ပွဲရအောင် ရေကုန်ရေခန်း နွှဲခဲ့ရတာချည်းဖြစ်ပြီး အမှတ်ပြည့်ရဖို့အတွက် ခက်ခဲစွာရုန်းကန်ခဲ့ရပါတယ်။ ဒီပွဲမှာ ရွှန်းနေ၊ ဇန်ပါစီ၊ ဝဲလ်ဘတ်စတဲ့ တိုက်စစ်မှူးအစုံနဲ့ ပွဲထုတ်နိုင်ဖွယ်ရှိပြီး မန်ယူနည်းပြမိုယက်စ်က လီဗာပူးကို လျှော့တွက်မှာတော့ မဟုတ်ပါဘူး၊ လီဗာပူးနည်းပြ ရော်ဂျာကတော့ ပွဲပယ်ပြစ်ဒဏ်ခံနေရာမှ မလွတ်မြောက်သေးတဲ့ တိုက်စစ်မှူးဆွာရက်ဇ် မပါဝင်တာမို့ စိတ်မသက်မသာဖြစ်နေမှာပါ။ မန်ယူ တိုက်စစ်ဟာ ခြေစွမ်းပိုင်းအားသာချက်ရှိတာမို့ ဒီပွဲမှာ အိမ်ရှင်လီဗာပူးတို့အတွက်လည်း သိပ်မလွယ်ပါဘူး၊ ကွင်းလယ်ပိုင်းကစားအားနဲ့ မန်ယူကို ရင်ဆိုင်ဖို့ပြင်မယ့် လီဗာပူးဟာ အမှတ်ရရှိရေးအတွက် အားသွန်ကစားရပါလိမ့်မယ်။ ဒီပွဲမှာ နည်းပြမိုယက်စ် အမှတ်ပြည့်ရယူနိုင်မယ့် အခွင့်အရေးရှိနေပါတယ်။

အာဆင်နယ်နှင့် စပါး

ဂါရက်ဘေးလ် အပြောင်းအရွှေ့ကိစ္စရိုက်ခတ်နေတဲ့ စပါးဟာ အဝေးကွင်းမှာ အာဆင်နယ်ကို အကြိတ်အနယ်ကစားရမှာ သေချာပါတယ်။ ဖိအားတွေ၊ ဝေဖန်ပြစ်တင်မှုတွေရဲ့ အောက်က ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ နည်းပြ အာစင်ဝင်းဂါးအတွက်လည်း ဒီပွဲဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ နိုင်ပွဲတွေ ဆက်တိုက်ရယူထားတဲ့ အာဆင်နယ်ဟာ ပရီမီယာလိဂ်မှာလည်း ထက်မြက်ပြီး အနိုင်ရလဒ်သိမ်းပိုက်နိုင်တဲ့ ခြေစွမ်းရှိကြောင်း ဒီပွဲမှာ အာစင်ဝင်းဂါး ပြသနိုင်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ဘက်က စပါးဖြစ်နေတာမို့ အာဆင်နယ်ပရိသတ်တွေအတွက်တော့ အသက်ရှူကျပ်စရာပါပဲ။ ဒါပေမယ့် ဒီပွဲရလဒ်အကောင်းဆုံးရရှိအောင် နည်းပြအာစင်ဝင်းဂါး စီမံသွားမယ်ဆိုတဲ့ ယုံကြည်စိတ် ထားရမှာပါ။

ဝက်စ်ဘရွန်းနှင့် ဆွမ်ဆီး

ဝက်စ်ဘရွန်းကွင်းမှာ ဆွမ်ဆီးတို့ အနိုင်ရဖို့ ခဲယဉ်းခဲ့တာချည်းပါပဲ။ ဝက်စ်ဘရွန်းတို့ကလည်း ဒဏ်ရာပြဿနာတွေနဲ့ ကြုံတွေ့နေရတာမို့ ဒီနှစ်သင်းရင်ဆိုင်ရမယ့် အနေအထားက အင်အားချိန်ခွင်လျှာ မျှတနေပါတယ်။ အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားထုတ်တတ်တဲ့ ဝက်စ်ဘရွန်းတို့က နှစ်သက်စရာဖြစ်ပေမယ့် ပရီမီယာလိဂ်မှာ အမှတ်ရဖို့လိုအပ်နေတဲ့ ဆွမ်ဆီးရဲ့ ခြေကုန်ထုတ်လာမယ့် စွမ်းအားကိုလည်း မေ့ထားလို့မရတဲ့ အခြေအနေဖြစ်ပါတယ်။ ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- နယူးကာဆယ်နည်းပြ အလန်ပါဒူးက ချယ်လ်ဆီးသို့ရောက်ရှိနေသည့် တိုက်စစ်မှူး ဒမ်ဘာဘာကို ပြန်လည်ခေါ်ယူလိုလျက်ရှိသည်။
- အဲဗာတန်အသင်းက အသက် ၂၈ နှစ်အရွယ်ရှိ ဝဲနောက်ခံလူဘိန်းစ်ကို ထုတ်ရောင်းမည်မဟုတ်ကြောင်း ပြောကြားသည်။
- အသက် ၂၁ နှစ်အရွယ်ရှိ ပေါ်တိုအသင်းကစားသမား အက်ဆူကို ချယ်လ်ဆီးက စာချုပ်ရန်ကြိုးစားနေသည်။
- ဆန်းဒါးလန်းအသင်းက အသက် ၂၅ နှစ်အရွယ်ရှိ ဆီနီဂေါနောက်ခံလူ အမ်ဘန်ကွိအား စာချုပ်မည်ဖြစ်သည်။
- အသက် ၃၀ အရွယ်ရှိ ဘင်ဖီကာတိုက်စစ်မှူးကာဒိုဇိုကို ဝက်စ်ဟမ်းက ခေါ်ယူရန်မစွမ်းဆောင်နိုင်ကြောင်း ပြောကြားသည်။
- စပါးနည်းပြဘိုအက်စ်က မန်ယူမှ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟာနန်ဒက်စ်အား ပေါင် ၁၅ သန်းပေးမည်ဟု ကမ်းလှမ်းထားသည်။
- အာဆင်နယ်အသင်းသည် ၂၂ နှစ်အရွယ်ရှိ စိန့်အက်သီယန်ကွင်းလယ်ကစားသမား ဂွီလာမိုဂီကို စာချုပ်တော့မည်ဖြစ်သည်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲအတွက် ပွဲစဉ်များထုတ်ပြန်လိုက်ပြီဖြစ်ရာ ဘာစီလိုနာ၊ အေစီမီလန်နှင့် အိုင်းယက်စ်တို့ တစ်အုပ်စုတည်း ကစားရမည်ဖြစ်သည်။ မန်စီးတီးက ချန်ပီယံ ဘိုင်ယန်မြူးနစ်၊ စီအက်စ်ကေအေမော်စကိုနှင့် ပီဇန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကစားရမည်ဖြစ်သည်။

အာဆင်နယ်က ဒေါ့မွန်၊ မာဆေး၊ နာပိုလီတို့နှင့်တွေ့မည်။ မန်ယူက ရှက်တာဒိုးနက်၊ လေဗာကူဆင်၊ ဆိုစီဒက်တို့နှင့်ကစားရမည်။ ချယ်လ်ဆီးက ရှော်ကေး၊ ဘေဆယ်နှင့် စတုအာဘူခါရက်တို့နှင့်ကစားရမည်။ ပထမအကျော့ အုပ်စုပွဲစဉ်များကို လာမည့် စက်တင်ဘာ ၁၇၊ ၁၈ရက်တွင် ကစားရမည်။

တိုက်စစ်မှူးအီတူး ချယ်လ်ဆီးရောက်ပြီ

ချယ်လ်ဆီးက ရုရှားကလပ် အင်ဇီမှ ကင်မရွန်းတိုက်စစ်မှူး အီတူးကို အလွတ်ပြောင်းရွှေ့မှုဖြင့် စာချုပ်လိုက်သည်။ အသက် ၃၂ နှစ်အရွယ်ရှိ အီတူးအား ချယ်လ်ဆီးက တစ်နှစ်စာချုပ်လိုက်သည်။ ၂၀၁၀ ခုနှစ်က အင်တာမီလန် ချန်ပီယံလိဂ်ဖလား ဗိုလ်စွဲစဉ်က မော်ရင်ဟိုသည် အီတူး၏ နည်းပြဖြစ်ခဲ့သည်။

အူစိန်ဘော့ မီတာ ၁၀၀ ဗိုလ်စွဲ

ဂျမေကာနာမည်ကြီးတာတိုအပြေးသမား အူစိန်ဘော့သည် ဇူးရစ်မြို့၌ ကျင်းပသောဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ မီတာ ၁၀၀ ပြေးပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည်။ အသက် ၂၇ နှစ်ရှိ အူစိန်ဘော့သည် စံချိန် ၉ ဒသမ ၉၀ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ တစ်နိုင်ငံတည်းသား နစ်ကေးအက်ရှ် မီယာဒေးက ၉၃ ဒသမ ၉၄ စက္ကန့်ဖြင့် ဒုတိယ၊ အမေရိကန်မှ ဂျပ်စတင်းဂက်လင်းက ၉ ဒသမ ၉၆ ဖြင့် တတိယရခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

ရောင်းရန်

ကွန်မိုစစ် Showcase ခြောက်လုံး ရောင်းရန်ရှိသည်။ Handset ဆိုင်များအသုံးဝင်သည်။

ဖုန်း-၀၉-၅၀၉၅၅၀၅
၀၉-၇၃၀၀၅၈၃၆

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် Joint Venture (သို့မဟုတ်) Lease ဆောင်ရွက်လိုသည့် Proposal မူကြမ်းအား စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံး ပစ္စည်းလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ည ၃ နာရီ(မြန်မာစံတော်ချိန်) အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် မိမိတို့၏ Proposal များအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများယှဉ်တွဲပြသလျက် အထက်ပါလိပ်စာတွင် ၂-၉-၂၀၁၃ ရက်မှစ၍ လာရောက် ပေးပို့နိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား

- သက်တမ်းရှိကုမ္ပဏီ မှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၃၇၅၊ ၀၆၇-၄၀၈၃၅၂)

အမည်ပြောင်း

ဦးစောသန်း၏ သမီး မအေးအေးမော် ၁၄/ညကန(နိုင်)၁၀၂၅၈၂ အား ယနေ့မှစ၍ မနန်းဥယျာဉ်ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းဥယျာဉ်

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နွယ်နီစန်း၏ နိုင်ငံကူးလက်မှတ် M-၄၅၀၈၉၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဒေါ်နွယ်နီစန်း ဖုန်း-၀၉-၇၃၂၀၇၉၅၀

စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်သွင်းလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	70 HP Combine Harvester	၅၀၀ စီး	HIE-1/018
(ခ)	85 HP Combine Harvester	၅၀၀ စီး	HIE-1/019

၂။ တင်သွင်းသူများသည် လိုအပ်သောငွေကြေးကို ခြောက်လမှ တစ်နှစ်အတွင်း ခေတ္တစိုက်ထုတ်ထားနိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက် ၍ ၂-၉-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၃-၉-၂၀၁၃ ရက် ၁၆:၀၀ နာရီ ဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-ဘီ^၁)မြေကွက်အမှတ်(၅၀၆/အေ)မြေချိန်ဧရိယာ ၀ဒသမ၃၇၅ ရှိ ဂရန်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၇၅ ဟု ခေါ်တွင်သည့် နှစ်ထပ်အာရ်စီတိုက်အိမ်နှင့် ရေ/မီး အပြည့်အစုံအပါအဝင် ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်မြေအမည်ပေါက် ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ခင်အေးမြင့် ၁၂/ပဘတ(နိုင်)၀၁၅၁၀၅ ထံမှ ဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၇၇၀၃၊ ဦးဉာဏ်လင်းဦး ၁၂/ပဘတ(နိုင်)၀၂၃၂၂၉ နှင့် ဦးခင်မောင်လွင် ၉/မရမ(နိုင်)၀၂၄၅၀၃တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A(Law), LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၃)
အမှတ် ၁၆၃(လေးလွှာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၉၄၆၀၊၀၉-၅၀၀၉၁၆၇

ပျောက်ဆုံးကြောင်း

ကျွန်မ မဝါဝါစိုး ၇/ဖမန(နိုင်) ၀၉၈၂၆၀ ၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၁၆၆၆၀

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ပြည်သူများ မှန်ကန်စွာဖြေဆိုခြင်းဖြင့် ကူညီပါ

အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံတစ်ဝန်း ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူတော့မည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးမှသည် နယ်ပယ်စုံတွင် ဖွံ့ဖြိုးတိုးတက်နိုင်ရေး စီမံကိန်း ရေးဆွဲနိုင်ရန် တစ်နိုင်ငံလုံးရှိ လူဦးရေ သိရှိရန်လိုအပ်သည်။ ထိုသို့သိရှိရန် ပြည်သူများကလည်း မှန်မှန်ကန်ကန် ဖြေဆိုပြီး ကူညီကြရန်လိုအပ်သည်။

ထိုသို့ ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အဆင်ပြေအောင်မြင်မှုရရှိစေရန် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးမှ လမ်းမတော်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ပြုလုပ်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အောင်မြင်မှုရရှိခဲ့သည်။

"၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှာ ပြည်လုံးကျွတ်လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူဖို့အတွက် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကတော့ အဆင်ပြေချောမွေ့စွာပြီးစီးခဲ့ပြီဖြစ်ပါတယ်။ လမ်းမတော်မြို့နယ် အမှတ်(၅)ရပ်ကွက်ရဲ့ စာရင်းကောက်ကွက် ငါးကွက်မှာ စမ်းသပ်ကောက်ယူခဲ့တာ အောင်မြင်မှုတွေရခဲ့ပါတယ်" ဟု လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က ပြောကြားသည်။

စမ်းသပ်သန်းခေါင်စာရင်းကောက်ဆရာမငါးဦး၊ စာရင်းစစ်ကြီးကြပ်သူတစ်ဦး၊ မြို့နယ်နှင့်ရပ်ကွက် သန်းခေါင်စာရင်းကော်မတီနှင့် ရပ်ကွက်အထောက်အကူပြုအဖွဲ့များဖြင့် စမ်းသပ်ကွက်တစ်ကွက်လျှင် လေးဦးစီဖြင့် ကောက်ယူခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

"အခက်အခဲ နည်းနည်းတော့ရှိတယ်။ ဒါက အိမ်ခန်းတွေမှာ သန်းခေါင်စာရင်း ကောက်ယူတဲ့အခါ ကြိုတင်အကြောင်းကြား ဆော်ဩထားပေမယ့် လူမရှိတာမျိုးတွေ ကြုံတွေ့ရတယ်။ ဒါကလည်း ကျွန်တော်တို့ ပြည်သူတွေနားလည်သိရှိအောင်၊ မှန်ကန်တဲ့ ဖြေဆိုမှုတွေပေးကြဖို့အတွက် ရပ်ကွက်အလိုက် တွေ့ဆုံဆွေးနွေးပွဲ ရှင်းလင်းပွဲတွေမပြတ်တမ်း ပြုလုပ်နေပါတယ်"ဟု ၄င်းက ပြောကြားသည်။

သန်းခေါင်စာရင်း ထည့်ကောက်ရမည့်သူများမှာ ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညဉ့်သန်းခေါင်ယံတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူများ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညဉ့်သန်းခေါင်ယံကျော်လွန်ပြီးမှ သေဆုံးသူများ၊ နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံ သံရုံးဝန်ထမ်းများ အပါအဝင် နိုင်ငံခြားတွင် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ ပါဝင်သည်။

သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများမှာ မြန်မာနိုင်ငံ အခြေစိုက်သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသံတမန်များနှင့် မိသားစုဝင်များ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်(၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညဉ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ မွေးဖွားလာသော ကလေးများ ဖြစ်သည်။

လမ်းမတော်မြို့နယ်တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် မြို့နယ်မြေပုံ၊ ရပ်ကွက်များပြ အညွှန်းမြေပုံစာရင်းကောက်ကွက်မြေပုံများ ရေးဆွဲပြုစုထားပြီဖြစ်ရာ ရပ်ကွက်ပေါင်း ၁၂ ခုနှင့် စာရင်းကောက်ကွက် ၆၆ ကွက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း အခြားသော မြို့နယ်များတွင်လည်း အဆိုပါစာရင်းများ ပြုစုထားလျက်ရှိသည်။

ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းကောက်ယူသည့်အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်မှုခင်းအတွက်မှုအသုံးမပြု၊ စစ်ဆေးခြင်းလည်း မပြုပါကြောင်း ၂၀၁၂ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံအတွင်းလိုအပ်သော စာသင်ကျောင်းအရေအတွက်၊ လိုအပ်သော ဆေးရုံ၊ ဆေးပေးခန်းအရေအတွက်၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေရမည့်ပမာဏ၊ လမ်းတံတားဖောက်လုပ်ပေးရမည့် အခြေအနေများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည့်အခြေအနေ၊ နယ်မြေ ကာကွယ်ရေးအတွက် လိုအပ်ချက်များ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မသန်စွမ်းသူများ စောင့်ရှောက်ရေး၊ ဘိုးဘွားများစောင့်ရှောက်ရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ စောင့်ရှောက်ရေးကို တိကျမှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့သော တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးအတွက် ပြည်သူများက မှန်ကန်စွာ ဖြေဆိုခြင်းဖြင့် ကူညီကြရန် လိုအပ်သည်။

ပြည်သူများက အိမ်တိုင်ရာရောက် စာရင်းကောက်မည့် စာရင်းကောက်က မေးမြန်းသောမေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုပေးကြရေးနှင့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများတွင် ကူညီအားပေးခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် မိမိတို့ဘဝမြင့်မားတိုးတက်ရေးအတွက်ပါ အထောက်အကူပြုရာရောက်ကြောင်း၊ အသိရှိစွာဖြင့် ကူညီဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။(မြန်မာ့အလင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆောင်ရွက်မည့် ခုတင်(၁၀၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံနှစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ(၂၁)ရုံနှင့် (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံအတွက် စိတ်ဝင်စားသောဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများအား ၂-၉-၂၀၁၃ရက်မှစ၍ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးများအသေးစိတ်စာရင်းကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၀၆၀ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက် ၂-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန
တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ဆေးပစ္စည်းများပို့ဆောင်ရန် မော်တော်ယာဉ်ငှားရမ်းလိုပါသဖြင့် (က)စင်းလုံးငှားစနစ်၊ (ခ)လုံးကောက်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် -၂၈-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၉-၂၀၁၃ရက် မွန်းလွဲ ၂း၀၀နာရီ
ဆက်သွယ်ရန်ဖုန်း-၃၇၁၂၈၄၊ ၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ နေပြည်တော်သာသနာရေးမှူးရုံး (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၉၄ ·၅'×၃၈'×၂၀') (RC-နှစ်ထပ်) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗိသုကာပုံစံများကို ၂-၉-၂၀၁၃ရက်မှ ၇-၉-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၁၀း၀၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၉-၂၀၁၃ရက် ၁၀း၀၀နာရီမှ ၁၀း၃၀နာရီအတွင်း သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါများကို သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်သို့ တင်သွင်းရန်ဖြစ်ပြီး အသေးစိတ်သိလိုသည်များကို ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **သာသနာရေးဦးစီးဌာန**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမည်
(၁)	12(T) 9/MR (ML/ISN)	Spare Parts for 60 Ton,40 Ton Diesel Crane and MDCC သံလမ်းပြေးယာဉ် (347)Items
(၂)	15(T) 5/MR (E)	60 Lb (BS) Fish Plate (1500 -Pairs) နှင့် Fish Bolt & Nut(6000-Nos)
(၃)	15(T) 6/MR (E)	75 Lb Point & Crossing (50 -Sets)
(၄)	၂၃၅/မမ/ CME	Brake Block (၄)မျိုး (39250-Nos)
(၅)	၂၃၆/မမ/ CME	တွဲပြုပြင်မှုပစ္စည်းများ(448 -Items) (Aluminium Composite/ Moulding /Checkered Plate , Ball Bearing, Hard wood Scantling, Twist Drill, Bolt , Nut,Bush, Vee Belt, Pipe & Pipe Connections, Electric Hand Tools, Coach & Wagon Spare Parts)
(၆)	၂၃၇/မမ/ CME	သုတ်ဆေးရောင်စုံ (23000-Gals) နှင့်ဆက်စပ်ပစ္စည်းများ
(၇)	၂၃၈/မမ/ CME	မီးသတ်ဆေး(၆)မျိုး(1558 -Nos)
(၈)	၂၃၉/မမ/စီးပွား	White Board ဆိုဒ်စုံ (323-Nos)
(၉)	၂၄၀/မမ/ CE	သံချောင်းလုံးနှင့် 7 Strand Wire များ (402.645) Tons အားရန်ကုန်မှ ကျောက်တော် သို့သယ်ပို့ခြင်း
(၁၀)	၂၄၁/မမ/ CE	သရက်ဘိလပ်မြေစက်ရုံမှ ခင်ဦး၊မြစ်ငယ်နှင့် ရွှေညောင်ကွန်ကရစ်ဇလီဖား စက်ရုံများသို့ ဘိလပ်မြေသယ်ပို့ခြင်း
(၁၁)	၂၄၂/မမ/ CME	နေပြည်တော်ဘူတာရှိ အလုပ်ရုံနှင့် အဆောက်အဦးများအတွက် လျှပ်စစ်ပစ္စည်းများ (80)Items
(၁၂)	၂၄၃/မမ/ CME	ရွှေညောင်ကွန်ကရစ်ဇလီဖား စက်ရုံ Internal Wiring အတွက် လျှပ်စစ်ပစ္စည်းများ(45)Items

တင်ဒါပိတ်မည့်နေ့/အချိန် - ၃၀.၉ .၂၀၁၃ (တနင်္လာနေ့)(၁၂း၀၀)နာရီမှ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၀.၈.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: -294352, 291985,291994.

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မြေကွက်အမှတ် ၄၆၈၃၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဦးဇော်လင်း (ဘ) ဦးစိန်မောင် ၉/ပမန(နိုင်)၀၆၇၆၉၈အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးသောင်းဝင်း ၉/ပမန(နိုင်)၁၀၈၄၂၄က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တိုးတိုးထွန်း ၁၄/ပသန(နိုင်)၀၀၀၆၃၉
အမှတ် ၃၀၀၁၊ ပေါင်းလောင်း (၂)၊
အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့

ဖခင်အမည်မှန်

ကျိုက်လတ်မြို့နယ်၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မလွင်လွင်နိုင်၊ ဆဋ္ဌမတန်း(A)မှ မလွင်လွင်ခိုင်၊ မောင်ခိုင်ဇော်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးခွေး(ခ) ဦးကျော်လှိုင်(ခ)ဦးစီ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးဆင့်-ဒေါ်ကြည်ဝင်း၏သား မောင်ရဲ တက္ကသိုလ်ဝင်တန်း(င) နေပြည်တော် သာဝတ္ထိ အထက(၆)အား မောင်ဥက္ကာစွမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဥက္ကာစွမ်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသာထင်၏သမီး မိတ္ထီလာမြို့ စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒ၊ တဇ-၁၃၁၊ တတိယနှစ်တွင် ပညာသင်ကြားနေသော မဟန်သူဝင်း ၉/သေရ(နိုင်)၀၀၇၀၈၂ နှင့် မဟံသူဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မဟန်သူဝင်း(ခ)မဟံသူဝင်း

မိခင်အမည်မှန်

မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (A)မှ မသင်းသင်းဌေး၏ မိခင်အမည်မှန်မှာ ဒေါ်သင်မျိုးအေး ဖြစ်ပါသည်။

ဒေါ်သင်မျိုးအေး
၁/မညန(နိုင်)၁၀၁၁၃၈

အမည်ပြောင်း

ဦးတင်စိုး၏သမီး အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တက္ကသိုလ်ဝင်တန်း(A)မှ မဆုထက်ထားဦးလှိုင်အား မဆုထက်ထားဟု ပြောင်းလဲခေါ်ပါရန်။ **မဆုထက်ထား**

တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် ၅/၂၀၊ ဗြဟ္မစိုရ်လမ်းနေ မောင်စိုင်းကျော်ရဲဦး၏ ဖခင်အမည်မှန်မှာ ဦးဖန်တီး(ခ)ဦးအောင်အောင်ထွေး ၉/မခန(နိုင်)၀၂၅၄၂၆ ဖြစ်ပါကြောင်း။

ဦးဖန်တီး(ခ)အောင်အောင်ထွေး ၉/မခန(နိုင်)၀၂၅၄၂၆

ဖခင်အမည်မှန်

မိတ္ထီလာ၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်သူ၏ ဖခင်အမည်မှန်မှာ ဦးစန်းလှိုင် ၉/ဝတန(နိုင်)၀၈၄၆၁၅ ဖြစ်ပါကြောင်း။

ဦးစန်းလှိုင် ၉/ဝတန(နိုင်)၀၈၄၆၁၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ လူနေရပ်ကွက်အမှတ် ဆင်ဖြူရှင်ရပ်ကွက်၊ မြေကွက်အမှတ် ပစ(1)-၁၀၈၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၏ အမည်ပေါက်ပိုင်ရှင် တပ်ကြပ်မောင်ဌေး ၉/လဝန(နိုင်)၂၄၆၈၄၅ (ဘ)ဦးကြည်အောင် ကွယ်လွန်သွားပါသဖြင့် တပ်ကြပ်မောင်ဌေး၏ တရားဝင်ဇနီး ဒေါ်မြင့်မြင့်ခိုင် ၇/ဖမန(နိုင်)၀၇၃၅၆၉ (ဘ) ဦးလှအောင်က စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သိန်း ၄၀ ကျော်မြတ်တဲ့ သမဆိုင်

ရန်ကုန် ဩဂုတ် ၃၀

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ခေတ်မြန်မာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၁၇ ရက်က ဟေမဝန်ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ(သဘာပတိ)ဦးအေးချိုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မြင့်လွင်၊ မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ဖြူတို့က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့နှင့် စာရင်းစစ်တို့က အစီရင်ခံစာများကို ဖတ်ကြားကြသည်။

၎င်းအသင်းဆိုင်သည် တစ်မြို့နယ်လုံးတွင် ရောင်းအားအကောင်းဆုံးဆိုင်အဖြစ် ရွေးချယ်ခံရသည်။

လှူဒါန်းနိုင်ခဲ့

တစ်နှစ်တာအတွင်းသိန်း ၄၀ ကျော် အမြတ်ရရှိခဲ့သည်။ ဆင်းရဲမှုပပျောက်နိုင်ရေးအတွက် ငွေကြေးအခက်အခဲရှိသောမိသားစုများ၊ လက်လုပ်လက်စား ကာယလုပ်သားများနှင့် ကုန်ရောင်းကုန်ဝယ် ပြုလုပ်နေသူများကို ဆန်ကုန်ကြွေးရောင်းစနစ်ကို စမ်းသပ်လုပ်ကိုင်ခဲ့ရာ အောင်မြင်သဖြင့် ဆင်းရဲနွမ်းပါးသူများလည်း အဆင်ပြေခဲ့သည်။ ဓမ္မာရုံများ၊ ကျောင်းများ၊ သက်ကြီးရွယ်အိုများကိုလည်း လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(ဝ၂၃)

ဟားခါးပညာရေးတက္ကသိုလ်ဝင်ခွင့်စစ်ဆေး

ဟားခါး ဩဂုတ် ၃၀

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်းအမှတ်စဉ်(၂)သင်တန်းဝင်ခွင့်အတွက် မြို့နယ်အဆင့် အရည်အချင်းစစ် စာမေးပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အထက(၁)၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရန်စာရင်းပေးသူ ၂၀ ရှိသော်လည်း လာရောက်ဖြေဆိုသူ ၁၇ ဦးရှိကြောင်း၊ မြို့နယ်အလိုက် ဖြေဆို၍ အောင်မြင်သူများကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးက ထပ်မံစစ်ဆေးမည်ဖြစ်သည်။ မြို့နယ်အဆင့် အရည်အချင်းစစ်စာမေးပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ကျင်းပခဲ့ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးရေး အသိပညာပေး

ညောင်လေးပင် ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် လူမှောင်ခို/လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက အထက(၁)ညောင်လေးပင်မြို့ ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်၊ တိုင်းဒေသကြီး ယာဉ်ထိန်းတာဝန်ခံရဲမှူး ထိန်ဝင်း၊ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့မှ ရဲအုပ် မောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်က မှုခင်းဖြစ်စဉ်များ သတိပြုကာကွယ်ရေး၊ ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းတာဝန်ခံ ရဲမှူးထိန်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးသက်လွင်က မှုခင်းကျဆင်းရေး၊ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့မှ ရဲအုပ်မောင်မောင်ဝင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာဗဟုသုတများကို ဟောပြောခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်း သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပြည်သူများနားလည် သဘောပေါက်စေရန် အသိပညာပေး ဟောပြောပွဲများကို ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကျော်လင်းနှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးတို့က ၂၀၁၄ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူမည့် သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့သည်။

အသိပညာပေး

ထို့အတူ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ပညာအလင်းသစ်စာကြည့်တိုက်၌ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာနှင့် စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးခိုင်တို့က အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိုးရာသီအထူးအစီအစဉ်
ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685
■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ
ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်မေတ္တာလက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

Yes!! English School
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS , TOEFL, SAT
Starting On September 7,9,14,15,16,21,25.
၂၃၊ လှည်းတန်းလမ်းမ။ Ph : 511778 09-73033648

MBE မှ တည်ထောင်ထားသော BCB Centre တွင်
မြန်မာနိုင်ငံ၌ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်တတ်စေရန်၊ စီးပွားရေးဆိုင်ရာ စာချုပ်များကို ဥပဒေနှင့်အညီ ချုပ်ဆိုတတ်စေရန်၊ ပြည်ပပို့ကုန်သွင်းကုန်ဆိုင်ရာ ငွေပို့ငွေလွှဲ လုပ်ငန်းများကို တိကျမှန်ကန်စွာ ဆောင်ရွက်တတ်စေရန်
Doing Business in line with The Law of Myanmar
သင်တန်းကို နာရီ (၃၀) ကြာ သင်ကြားပို့ချပေးပါမည်။
❖ သင်တန်းချိန် - ညနေ ၅း၃၀ နာရီမှ ၈း၃၀ နာရီထိ
❖ သင်တန်းစမည့်ရက် - စက်တင်ဘာလ (၁၄)ရက်
❖ သင်တန်းရက် - စနေ၊ တနင်္ဂနွေ • သင်တန်းကာလ - (၅)ပတ်၊
Ph:01 538531, 01 505972, E-mail: bcbcentre009@gmail.com

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
မေးခွန်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ချဉ်းကပ်ဖြေဆိုနည်း၊ သဒ္ဒါရှင်းလင်းချက်များ၊ မေးလေ့မေးထရှိသည့် လေ့ကျင့်ခန်းနှင့် အဖြေများ၊ Stylistic Transformation အတွက် ရှင်းလင်းချက်၊ လေ့ကျင့်ခန်းနှင့် အဖြေများ စသည်ဖြင့် ...
တက္ကသိုလ်ဝင်တန်းအတွက် အောင်ပွဲဝင် ဂုဏ်ထူးရ
အလင်းသစ်အင်္ဂလိပ်စာသင်ရိုးကုန်
ဒေါ်ထူးထူးအောင် - M.A(English)
ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ် ၂၃၊ (သုံးလွှာ/ဘီ)တိုက်ခန်းကို ပိုင်ဆိုင်သူ ဒေါ်ခိုင်မီမီသွင် ၁၂/ကမရ(နိုင်)၀၁၃၆၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထား စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဦး LL.B — **စဉ်-၈၇၅၄** — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်စန်းစန်းရင် LL.B — **စဉ်-၃၁၅၀၂** — **အထက်တန်းရှေ့နေ**

တိုက်(၉/၁၁)၊ အခန်း ၃၀၆၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၃၈၈၂၄၄၊ (လိုင်းခွဲ)၃၀၆၊ ၀၉-၇၃၀၃၃၉၈၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၂၇၊ ပေ(၄၀×၆၀)၊ ဧရိယာစတုရန်းပေ ၂၄၀၀အကျယ်အဝန်းရှိ ဒေါ်မြနွဲ့ ISN-၁၄၆၀၈၇ (ကွယ်လွန်)အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၁၃၂၇ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာသော (၁) ဦးတင်ဝင်း ၁၂/သဃက(နိုင်)၁၀၀၂၆၃၊ (၂) ဦးသိန်းဝင်း ၁၂/သဃက(နိုင်)၁၁၁၄၃၄၊ (၃) ဦးမြဝင်း ၁၂/သခန(နိုင်)၀၅၄၈၀၄၊ (၄) ဒေါ်ထွန်းထွန်းဝင်း ၁၂/သဃက(နိုင်)၀၁၂၅၆၄၊ (၅) ဒေါ်စိုးစိုးဝင်း ၁၂/သဃက(နိုင်)၁၀၁၆၀၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေနှင့်အဆောက်အအုံတို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း အထက်တန်းရှေ့နေ

အမှတ် ၇၇၉၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၈၅၀၀၃၂၃၊ ၅၆၃၄၁၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ လူနေရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၆၆/က၊ ဧရိယာ ၀ဒသမ ၀၂၇၈ဧက နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၁၆၆(က)၊ ရာဇသင်္ကြန်(၄)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်မြမြစော ၁၁/စတန(နိုင်)၀၀၉၀၇၅၊ [၎င်း၏မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၄၉၇/၂၀၁၃ (၆-၈-၂၀၁၃)ရရှိသူ ဦးစိုးမြင့် ၁၂/သဃက(နိုင်)၁၀၃၃၁၁]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ် ၄၂၈၃၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဒေါ်ချိုချိုမြင့် (ဘ)ဦးလှမောင် ၉/ပမန(နိုင်)၁၃၉၇၂၂အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ချိုချိုမြင့် (ဘ)ဦးလှမောင် ၉/ပမန(နိုင်)၁၃၉၇၂၂က အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တိုးတိုးထွန်း ၁၄/ပသန(နိုင်)၀၀၀၆၃၉

အမှတ်(၃၀၀၁)၊ ပေါင်းလောင်း(၂)၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၄)၊ မြေကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာစီမံကိန်း၊ ဧရိယာ ၀ဒသမ ၁၂၈ဧက၊ အကျယ်အဝန်းပေ(၈၀×၇၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နှစ်လုံးနှင့် လိုင်းဖုန်း တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စောမြင့် ၁၃/လခန(နိုင်)၀၀၃၁၃၁ က လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မှဝယ်ယူရန် သဘောတူပြီး ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ် အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ကျင်မို့

၁၂/တမန(နိုင်)၀၈၆၀၃၃

ဖုန်း-၀၁-၅၄၉၉၄၃၊ ၀၉-၅၁၇၃၄၇၈

ဦးအောင်သန်း-ဒေါ်ငွေငွေ မိသားစု
စွမ်းအား ရာထူးဝင်ခွင့်သင်တန်း
ဒေါက်တာစည်သူအောင် (သင်တန်းမှူး)

လ/ထ ဆရာဝန်သင်တန်းများ ၇-၉-၂၀၁၃ရက် စမည်
၂၆-၁၀-၂၀၁၃ ရက် ဖြေဆိုမည့် ရာထူးဝင်ခွင့်သင်တန်းများ
J/O ရာထူးဝင်ခွင့် သင်တန်းများ
ကျောင်းအပ်စတင်လက်ခံပြီ

အပ်နှံရန် - အမှတ်(၁၁/၄၉)၊ အမှတ်(၄၆၀) ဗိုလကျာ်လမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်၊ ဖုန်း-၀၆၇-၂၁၆၁၄၊ ၂၃၆၉၄၊ ၀၉-၈၃၀၂၀၀၉၊ ၀၉-၄၉၃၂၃၃၁၁၊ ၀၉-၄၂၈၁၂၁၁၈၃

ရန်ကုန်ကျောင်းခွဲ - အမှတ်(၅၆၀)၊ (၁၁)ရပ်ကွက်၊ ဧရာဝတီလမ်း၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ဖုန်း-၀၁-၅၈၀၃၉၁၊၀၉-၄၄၈၀၄၅၃၂၁၊၀၉-၄၃၀၉၈၈၀၀၊၀၉-၃၁၃၅၁၈၈၃

ရန်ကုန်ကျောင်းအပ်နှံသူများ လူဦးရေကန့်သတ်ထားသဖြင့် ကျောင်းကြိုတင်အပ်ကြရန်

သတင်းဆောင်းပါးနှင့်ကြော်ငြာ

မှျစ်ချဉ်လုပ်ငန်းအကြောင်း တစေ့တစောင်း

သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - ကျော်သူဝင်း

မှျစ်ကို ကြော်၍ ဖြစ်စေ၊ အသုပ်-သုပ်၍ဖြစ်စေ၊ ချဉ်ရည်ဟင်းချက်၍ ဖြစ်စေ စားသုံးလေ့ရှိ ကြပါသည်။ မြန်မာနိုင်ငံတွင် မှျစ်စားသုံးမှု များပြားလာသည်နှင့်အမျှ မှျစ်ချဉ်ထုတ်လုပ်သော လုပ်ငန်းများမှာလည်း တွင်ကျယ်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်က အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် တွန်းအားပေးဆောင်ရွက်နေချိန် မှျစ်ချဉ်လုပ်ငန်းအကြောင်း စိတ်ဝင်စားသူများ လေ့လာသိရှိနိုင်ရန် မှျစ်ချဉ်လုပ်ငန်းကို နှစ်ပေါင်း ၃၀ နီးပါးကြာအောင် လုပ်ကိုင်နေသော တပ်ကုန်းမြို့နယ်က မှျစ်ချဉ်လုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ဦးတိုးနိုင်နှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ မှျစ်ချဉ်က ဘယ်နှမျိုးလောက်ရှိပါသလဲ၊ ဘယ်အချိန်မှာ မှျစ်ချဉ်သိပ်တဲ့လုပ်ငန်းကို စတင်ပါသလဲခင်ဗျာ။

ဖြေ ။ မှျစ်ချဉ်က ဝါးပိုးမှျစ်ချဉ်နဲ့ မြင်မှျစ်ချဉ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ အနီရောင်လေးတွေဖြစ်နေတဲ့ မှျစ်ကမြင်ဝါးပင်ကရတဲ့ မှျစ်နဲ့လုပ်ထားတာပါ။ ယပ်တောင်လို အထပ်ထပ်လေးတွေ ဖြစ်နေပြီး ဖြူဖွေးနေတဲ့ မှျစ်ချဉ်က ဝါးပိုးဝါးကပေါက်တဲ့ မှျစ်နဲ့ လုပ်ထားတာပါ။ မှျစ်ချဉ်သိပ်တဲ့ အချိန်ကတော့ ဩဂုတ်လဆန်းလောက်ကစပြီး မှျစ်လှိုင်လှိုင်ပေါ်တယ်၊ အဲဒီအချိန်က စသိပ်ပါတယ်။ သိပ်ထားတဲ့မှျစ်တွေကို တစ်နှစ်ပတ်လုံးမှာ ရှိသလောက်ထုတ်ရောင်းပါတယ်။

မေး ။ မှျစ်တွေကို ဘယ်ဈေးနဲ့ဝယ်ပြီး ဘယ်ဈေးနဲ့ပြန်ရောင်းပါသလဲ ခင်ဗျာ။

ဖြေ ။ မြင်မှျစ်ကိုတော့ တစ်ပိဿာ ကျပ် ၃၀၀ နဲ့ဝယ်ပြီး ကျပ် ၅၀၀၊ ၆၀၀၊ စသည်ဖြင့် ပြန်ရောင်းပါတယ်။ ဝါးပိုးမှျစ်ကတော့ ရေပေါ်ထိုးနဲ့ ယပ်တောင်မှျစ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ ရေပေါ်ထိုးမှျစ်ကိုတော့ ကျပ်၂၀၀ ဝယ်ပြီး ကျပ် ၄၀၀ ရောင်းပါတယ်။ ယပ်တောင်လိုအထပ်ထပ်လေးဖြစ်နေတဲ့မှျစ်ကိုတော့ ကျပ် ၃၅၀၀ဝယ်ပြီး ကျပ် ၆၀၀နဲ့ ပြန်ရောင်းပါတယ်။ ဝါးပိုးမှျစ်ရော၊ မြင်မှျစ်ပါ တပ်ကုန်းနယ်တစ်ဝိုက်မှရွာတွေက လာရောင်းပါတယ်။ မှျစ်ချိုး၊ မှျစ်ခူးပြီး ပြန်ရောင်းတဲ့သူတွေအနေနဲ့ တစ်နေ့အနည်းဆုံး ကျပ် ၃၀၀၀ ကနေ ကျပ် ၇၀၀၀ အထိရရှိကြပါတယ်။

မေး ။ မြင်မှျစ်တွေကို ဆေးမဆိုးဘဲ နီအောင်ဘယ်လိုလုပ်ရတယ်ဆိုတာ သိပါရစေ။

ဖြေ ။ မြင်မှျစ်တွေကိုနီအောင်တချို့က ဆေးဆိုးကြပါတယ်။ ဆေးမဆိုးဘဲနီအောင်၊ ဝါအောင်လုပ်တဲ့ နည်းရှိပါတယ်။ မြင်မှျစ်တွေကို ဝါချင်ရင် အင်ဖက်အုပ်ပြီး ပြုတ်ရပါတယ်။ နီချင်ရင်တော့ ကျွန်းရွက်အုပ်ပြီး ပြုတ်ပါ။ ဆေးဆိုးစရာမလိုပါဘူး။ မှျစ်ချိုးတဲ့ သူတွေက ပြုတ်ပြီးသား မှျစ်တွေကိုလာရောင်းတာပါ။ ကျွန်တော်တို့က တစ်နှစ်ပတ်လုံးစားသုံးနိုင်အောင် စဉ့်အိုးကြီးတွေနဲ့ သိပ်ထားတာပါ။

မေး ။ မှျစ်ချဉ်သိပ်တာနဲ့ ပတ်သက်ပြီး ရှောင်ရန်၊ ဆောင်ရန်တွေရှိရင်လည်း သိပါရစေ။

ဖြေ ။ မြင်မှျစ်ကိုသိပ်ရင် မှျစ်တစ်ပိဿာကို ဆား ၁၀ သား နှုန်းထည့်ရပါတယ်၊ မြင်မှျစ်သိပ်တဲ့အခါမှာ ဆားရည်မြုပ်နေ ရပါမယ်၊ ရေလုံအောင်ထားရပါမယ်၊ ရေမလုံရင် မှျစ်ပုပ်တတ်ပါတယ်၊ ဝါးပိုးမှျစ်သိပ်တဲ့ အခါမှာတော့ လေမလုံရင် ပုပ်ပါတယ်၊ လေလုံအောင်ထားဖို့ လိုပါတယ်။ ဝါးပိုးမှျစ်သိပ်တဲ့အခါ ဘာမှမထည့်ရပါဘူး၊ ဆားလည်း မထည့်ရပါဘူး၊ ဝါးပိုးမှျစ် သိပ်တဲ့အခါမှာ မိုးရေမပါစေရပါဘူး၊ မိုးရေပါရင် ပုပ်တတ်ပါတယ်။

မေး ။ မှျစ်တွေ သိပ်ပြီးဘယ်အချိန်လောက်မှာ ထုတ်ရောင်းပါသလဲ ခင်ဗျာ။

ဖြေ ။ မြင်မှျစ်ကတော့ သိပ်ပြီး မကြာပါဘူး။ ဝယ်လက်ရှိရင်ရှိသလို ထုတ်ရောင်းနိုင်ပါတယ်၊ ဝါးပိုးမှျစ်ကတော့ အနည်းဆုံး ၁၅ ရက်ကနေတစ်လလောက်သိပ်ထားမှ ချဉ်ပါတယ်၊ သိပ်တဲ့အခါမှာ ဆန်ဆေးရည်တွေ ထည့်စရာမလိုပါဘူး၊ သူ့အလိုအလျောက် ချဉ်ပါတယ်၊ ဝါးပိုးမှျစ်ချဉ်ကတော့ တစ်ရေလောက်ပြုတ်လိုက်မှ စားကောင်းပါတယ်။ အဲဒီလိုမဟုတ်ရင် အချဉ်ဓာတ် စူးလွန်းပါတယ်၊ တစ်ရေလောက်ပြုတ်လိုက်မယ်ဆိုရင် စားကောင်းတာပေါ့။

ရောင်းတန်းဝင် မှျစ်ချဉ်များဖြစ်ရန် စဉ့်အိုးများဖြင့် အချဉ်သိပ်ထားသည်ကို တွေ့ရစဉ်။

မေး ။ မှျစ်တွေကို ဘယ်ဈေးကွက်တွေမှာ တင်ပို့ပါသလဲခင်ဗျာ။ တပ်ကုန်းမြို့မှာတော့ မှျစ်ချဉ်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေရော ဘယ်လောက်ရှိပါသလဲ ခင်ဗျာ။

ဖြေ ။ တပ်ကုန်းမြို့ကထွက်တဲ့ မှျစ်ချဉ်တွေကို တပ်ကုန်းမြို့အပြင် တောင်ဘက်ဆိုရင် ဖြူး၊ ညောင်လေးပင်အထိပို့ပါတယ်၊ မြောက်ဘက်ဆိုရင်တော့ ရမည်းသင်း၊ မိတ္ထီလာအထိပို့ပါတယ်၊ တပ်ကုန်းမြို့မှာ မှျစ်လုပ်ငန်းလုပ်ကိုင်သူ အနည်းဆုံး ၁၀ဦးထက်မနည်းရှိပါတယ်။ တစ်နှစ်ကိုတစ်ဦးလျှင် ပိဿာချိန် ၃၀၀၀၀ မှ ၆၀၀၀၀ အထိ ဝယ်ယူသိုလှောင်ပြီး ရောင်းချကြပါတယ်။ မှျစ်ချဉ်ကတစ်နှစ်ပတ်လုံးရောင်းချနိုင်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ဖခင်အမည်မှန်

သန်လျင်မြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ငြိမ်းချမ်းရင်ထွေး၏ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၁၂/သခန(နိုင်)၀၅၅၂၆၉ ဖြစ်ပါကြောင်း။

ခွမ်းယားနာလိမ်းဆေး
အိမ်ခြေမရ ကုတ်ရတာ ဖုန်း - ၀၉ ၅၁၂၃၉၈
ယားနာရောဂါ ပါ
ယားနာမျိုးစုံ ပျောက်ကင်းဖို့
ခွမ်းလိမ်းဆေး ကိုလိမ်းကြစို့။

အိမ်စီးယာဉ်မောင်းတစ်ဦး
အလိုရှိသည်

အသက် ၃၀-၅၀၊ မောင်းသက် ငါးနှစ်ရှိသူ၊ လစာကောင်း၊ ကမာရွတ်၊ လှိုင်တွင်နေထိုင်သူ ဦးစားပေးမည်။
ဖုန်း-၀၉-၄၂၁၁၇၈၃၄၆၊ ၀၉-၅၀၀၂၅၄၇

☎ :01-512443, 09-73017656
သန့်စင်ပြီး ပွဲတော်အုပ် အရောက်ပို့
အသစ်မပေါ်ခင် အပေါင်းဝယ်ထားနော်
မျာပုံပေါ် ဆန်းမွှေးကောင်းကောင်းလေး
တစ်အိတ် - Ks 32000/

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ဦးထွန်းမြင့်ရီ၏သား မောင်ဝင်းကိုကို ၈/တတက(နိုင်)၁၈၂၉၃၈ အား ယနေ့မှစ၍ မောင်ဟိန်းသူရကိုကိုဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟိန်းသူရကိုကို

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ် ၉၈၉၊ မြေကွက်တည်နေရာအမှတ်-၉၈၉၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် တပ်ကြပ်ကြီးမြင့်အုန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်အုန်း ၁၂/မဂဒ(နိုင်)၀၀၇၂၇၁ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၅၅၉၃၊ Toyota Corolla KE 72 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၁/ဗမန(နိုင်)၀၀၃၅၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဗန်းမော်)**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ် ၁၆၀/ခ၊ မြေကွက်တည်နေရာအမှတ်-၁၆၀/ခ၊ ၅ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်ကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ကြည်(ခင်ပွန်း) ဦးစံသိန်း (သားများဖြစ်သော) ဦးသန်းဝင်း၊ ဦးရဲဝင်းရွှေတို့(လူမှိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဦးတင်စိုး ၁၂/ဥကတ(နိုင်)၀၂၂၉၄၅က သားတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Fashion Euphoria
မိုးရာသီအထူးဈေးရောင်းပွဲ

Fashion Euphoria မှာ မိုးရာသီအထူးဈေးရောင်းပွဲအစီအစဉ်အဖြစ် ၃၁-၈-၂၀၁၃ရက် (စနေနေ့) နှင့် ၁-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)များတွင် Fashion Euphoria ၏ Computer ပန်းထိုးဒီဇိုင်းအမျိုးမျိုး၊ ချိတ်ဒီဇိုင်းအမျိုးမျိုး၊ အရည်အသွေးမြင့်အမှတ်တံဆိပ် ပွဲထိုင်ဇာများ၊ အရောင်အသွေးစုံလင်သော ပိုးထည်များကို ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အစဉ်တစိုက်အားပေးခဲ့ကြသော မိတ်ဆွေအပေါင်းနှင့် လာရောက်အားပေးကြမည့် မိတ်ဟောင်းမိတ်သစ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

နေရာ - အမှတ်(110-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၂၆၃၃
အချိန် - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ

CHECK
ယနေ့မော်ဒယ်မြင့် ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း
(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြုပုံ)
လုပ်ငန်းခွင်လက်တွေ့ Practical Center တစ်ခုကိုတိုးချဲ့ဖွင့်လှစ်ထားပါသည်။
အမှတ်စဉ် (၂၇) (၂၈) (၂၉) ပုံမှန်တန်းခွဲသစ်များကို စက်တင်ဘာ ၂ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်
➤ အကြိုမိတ်ဆက် (အခမဲ့) သင်တန်းကို အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ပါသည်။
မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။
Engine Doctor Engineering
No. 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
ASPECT
Aspect Management (Myanmar) Co.,Ltd
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ လားရှိုးနှင့် မော်လမြိုင်မြို့များအတွက်
၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား/မ(၃၀)ဦး
- သက်ဆိုင်ရာမြို့များမှ နယ်ခံများအား ဦးစားပေးမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။
- ကျန်းမာသန်စွမ်းပြီးရောဂါကင်းဝေးရမည်။
- အသက် ၂၀ မှ ၅၀ အတွင်း ဖြစ်ရမည်။
- စကားအပြောအဆိုပြေပြစ်ကောင်းမွန်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများနှင့် နယ်ခံများအား ဦးစားပေးပြီး အသက်လျှော့ပေါ့စဉ်းစားမည်။
- ညအိပ်ညနေအဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်သည်။
- အရက်သေစာ သောက်စားသူများ လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

အရည်အချင်းရှိသောဝန်ထမ်းများဖြစ်စေရန် နိုင်ငံတစ်ကာအဆင့်မှီသော သင်တန်းများအဖြစ် စာတွေ့ လက်တွေ့များကို ကုမ္ပဏီမှ အခမဲ့သင်ကြားပို့ချပေးမည်။
စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှုရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။
Aspect Management (Myanmar) Co.,Ltd
အမှတ်(39-A)၊ဖိုးစိန်လမ်း၊(Holiday Restaurant ဘေးလမ်းမှဝင်ရန်)ဗဟန်း၊ရန်ကုန်မြို့။
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇င/၇၃၆၄ Honda. Fit.GE.6၊ S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိန်းမိုး ၁၄/မမန(နိုင်)၁၆၅၄၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လမ်း ၁၂၀၊ အမှတ် ၄၈ နေ (ဘ) ဦးထွန်းရင်(ခ)ပီရူး၊ မိခင် ဟာဂျီမ ဒေါ်သန်းသန်းနွယ်(ခ)တူးတူးတို့၏သား မောင်အောင်ကိုနိုင် ၁၂/မဂတ(နိုင်)၀၈၉၆၉၃ သည် မိဘနှင့် အစ်မတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘသဘောမတူသူနှင့် ယူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **ဦးထွန်းရင်-ဟာဂျီမ ဒေါ်တူးတူး**

ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၇၄/ခ)၊ အခန်း ၅ မူလပိုင်ရှင် ဦးကျော်စိုး CA-၀၃၂၂၆၁ ထံမှ ဦးခင်ကျော် ၉/မနမ(နိုင်)၀၄၆၆၁၇ က အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ပွဲရုံဆိုင်ခန်းကိုဆိုင်ရှင်အမည်ပြောင်းလိုပါသဖြင့် ကန့်ကွက်လိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။
ဦးခင်ကျော်
၉/မနမ(နိုင်)၀၄၆၆၁၇
ပွဲရုံအဆောင်(၇၄/ခ)၊ အခန်း ၅၊
စော်ဘွားကြီးကုန်းစခန်း၊ အင်းစိန်မြို့နယ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သေမှုသေခင်းများ ရေးဖွင့်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က စကုမြို့နယ် အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးက မကျီးတန်းရပ်ကွက် စက်တော်ရာဘုရားအနီး ဇရပ်ပေါ်တွင် လူတစ်ဦးသေဆုံးနေကြောင်း အကြောင်းကြားသဖြင့် စကုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ စကုမြို့ အမှတ်(၃)ရပ်ကွက်နေ ဦးလှမောင်စိန် (၅၈ နှစ်)ဖြစ်ပြီး အရက်အလွန်အကျွံသောက်သုံး၍ အင်အားချည့်နဲ့သေဆုံးသည့်လက္ခဏာတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စကုနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ အလားတူယင်းနေ့ နံနက် ၁၁ နာရီခွဲခန့်က အောင်လံမြို့နယ်သပြေပင်ရွာတောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ယာခင်းထဲတွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ရွှေပန်းတောနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာ မွန်ပြည်နယ် ပေါင်မြို့နယ် ဘန့်ဘွေးကုန်းရွာနေ ဦးဝင်းမြင့်(၆၈ နှစ်)ဖြစ်ကြောင်းသိရှိရပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးပုပ်ပွနေသည်ကို တွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် ရွှေပန်းတောနယ်မြေရဲစခန်းက သေမှုသေခင်းအမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မောင်ရဲ**

ဆိုင်ကယ်ခိုးယူရောင်းထားသူအား ဆိုင်ကယ်နှင့်အတူဖမ်းမိ

ပဲခူး ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏လမ်းညွှန်မှုဖြင့် ဩဂုတ် ၂၃ ရက်က တောင်ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ထွန်းဇေယျာမျိုး၊ ဒုရဲအုပ်ကျော်မင်းနိုင်အဖွဲ့နှင့် တွံတေးမြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းဇော်ဦးတို့အဖွဲ့သည် ဇင်မင်းလှိုင် (၂၅ နှစ်) အောင်မင်းခေါင်လမ်း(၇)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား စစ်ဆေးရာ ၎င်းသည် လွန်ခဲ့သော သုံးလခန့်က ပဲခူးမြို့နယ် ဘုရားကြီးအနီးရှိ လမ်းဘေးတွင်ရပ်ထားသော CZI.HiHi BoBo 125 (ခဲ/နက်)ဆိုင်ကယ် ကာလတန်ဖိုးငွေကျပ် ၄၅၀၀၀၀ ခန့်ကို ခိုးယူပြီးနောက် မင်္ဂလာဒုံမြို့နယ် ကျူစမ်းကျေးရွာတွင် ငွေကျပ် ၁၈၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေများနှင့်အတူ ရှာဖွေပုံစံဖြင့်ဆိုင်ကယ်ကို လိုက်လံသိမ်းဆည်းခဲ့ပြီး ဇင်မင်းလှိုင်ကို အရေးယူပေးပါရန် ဒုရဲအုပ်ထွန်းဇေယျာမျိုးက တရားလိုပြုတိုင်တန်းသဖြင့် တွံတေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်လျင်ဖြိုးမင်းလတ်

လွိုင်ကော်မြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

လွိုင်ကော် ဩဂုတ် ၃၀

ကယားပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်အေးလွင်နှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက်က မူးယစ်ဆေးဝါးသတင်းအရ လွိုင်ကော်မြို့ ရှမ်းစုရပ်ကွက်နေ ရှမ်းထွေး(ခ)ဖိုးပိန်၏ နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ ခေါင်းအုံးအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြား စုစုပေါင်း အလေးချိန် ၁ ဒသမ ၀ ဂရမ်နှင့် မွေ့ရာအောက်မှ မြန်မာငွေစက္ကူကျပ် ၃၂၀၀၀ ကို တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ရှမ်းထွေး(ခ)ဖိုးပိန် (၂၉ နှစ်)ကို လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ဆက်လက်ပြီး ရှမ်းထွေး(ခ)ဖိုးပိန်၏ အစစ်ခံထွက်ဆိုချက်အရ ရဲအုပ်အေးလွင်နှင့် ပူးပေါင်းအဖွဲ့သည် လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်နေ အောင်ဝင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် အောင်ဝင်း၊ မဝတ်ရည်လှိုင်နှင့် လင်းဇော်ဝင်းတို့ကို တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းရှိ စောင်အတွင်း ကော်ဘူးအဖြူဖြင့် ထည့်ထားသောWY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၅၃ ပြား စုစုပေါင်း အလေးချိန် ၁၅ ဒသမ ၃ ဂရမ်၊ လက်ကိုင်ဖုန်းတစ်လုံး၊ ဆိုင်ကယ်တစ်စီးနှင့် မြန်မာငွေစက္ကူ ငွေကျပ် ၁၃၀၀၀၀ တို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းပြီး အောင်ဝင်း(၄၁နှစ်)၊ မဝတ်ရည်လှိုင်(၃၄နှစ်)နှင့် လင်းဇော်ဝင်းတို့ သုံးဦးကို လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဓားကိုင်ဆောင်သူများအား အရေးယူ

နေပြည်တော် ဩဂုတ် ၃၀

ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီ ၃၅ မိနစ်က မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်စဉ် သရက်-မင်းလှကားလမ်း၊ မိုင်တိုင်အမှတ်(၆၃/၃)အနီးတွင် ထန်းကိုင်းရွာမှ မင်းလှရွာသို့ လမ်းလျှောက်လာသည့် မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်နေ သူရိန်အောင်(၂၅ နှစ်)အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်းလွယ်ထားသည့် အနီရောင်လွယ်အိတ်အတွင်းမှ အရိုး အသွား ၁၀ လက်မခန့်ရှိ ဓားအိမ်တပ်လျက် ဓားဦးချွန်တစ်ချောင်းတွေ့ရှိရသဖြင့် သူရိန်အောင်အား မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။အလားတူယင်းနေ့ ည ၇ နာရီ မိနစ် ၄၀ တွင် ၎င်းရဲစခန်းမှတပ်ဖွဲ့ဝင်များသည်သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်စဉ် သရက်-မင်းလှကားလမ်း မိုင်တိုင်အမှတ် (၆၃/၃) အနီးတွင် ထန်းကိုင်းရွာမှ မင်းလှသို့ ကလေးမြို့နယ် သာစည်ကျေးရွာနေ အဲပေါက်စ(၂၉ နှစ်)သည် အရိုး၊ အသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန်ကော့၊ လက်ကိုင်ကွင်းနှင့် ဓားအိမ်ပါ ဓားမြှောင်ရှည်တစ်ချောင်းကိုလွယ်လျက် လမ်းလျှောက်လာသည်ကို တွေ့ရှိရသဖြင့် အဲပေါက်စအား မင်းလှမြို့မရဲစခန်းကအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်ရဲ**

ယောက္ခမကိုစိတ်ဆိုးပြီး မိခင်ဖြစ်သူက သားငယ်ကိုလည်ပင်းညှစ်

လွိုင်ကော် ဩဂုတ် ၃၀

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာတွင် ယောက္ခမများအပေါ် ဒေါသဖြစ်နေသော မိခင်ဖြစ်သူက တစ်လသားအရွယ်သားငယ်ကို လည်ပင်းညှစ်လိုက်မိ၍ တစ်လသားအရွယ်သားငယ် သေဆုံးသွားခဲ့ရသည့်ဖြစ်ရပ်တစ်ခု ဩဂုတ် ၂၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့၏စုံစမ်းချက်အရ မချစ်စုသည် ယောက္ခမများနှင့် စကားများရာမှ စိတ်ဆိုးပြီးပွေ့ချီထားသော သားငယ်ငိုယိုနေ၍ လည်ပင်းညှစ်လိုက်မိသဖြင့် သားငယ်သေဆုံးသွားသဖြင့် ထိုအမှုကို လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ် ၁၅၉၀၊ အမည်ပေါက်သူ ဒေါ်ခင်မိုးမိုးလွင် ၁၂/ရကန(နိုင်)၀၀၉၆၉၈ကို ဒေါ်မိုးမိုးအေး ၁၀/မဒန(နိုင်)၀၃၃၇၉၉ ထံမှ ကျွန်ုပ်က စာချုပ်အဆင့်ဆင့်ဖြင့် စရန်ငွေအချို့ပေးချေဝယ်ယူပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒေါ်မေဖြူကျော်
ဖုန်း-၀၉-၅၁၉၇၁၅၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်-၂၊ အကွက်အမှတ် ၃၂၃ မွေးမြူရေး အမည်ပေါက်လုပ်ကိုင်ခွင့်ရရှိထားသည့် ဦးဇော်ဝင်း E/RGN-၁၉၉၇၄ အမှတ်(၈)၊ အရှိုးကုန်းလမ်း၊ တာမွေမြို့နယ်ထံမှ ဒေါက်တာမိုးအောင်သူ ၁၁/သတန(နိုင်)၀၅၄၂၂၁ထံမှ ဦးစိုးမြင့် ၁၃/မကန(နိုင်)၀၁၅၄၈၁ထံသို့ လုပ်ကိုင်ခွင့်အပြီးအပိုင်လွှဲပြောင်းပေးရန် နှစ်ဦးသဘောတူညီခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးစိုးမြင့် — **၁၃/မကန(နိုင်)၀၁၅၄၈၁** — **ဖုန်း-၀၉-၅၂၁၆၃၄၉**
ဦးကျော်သူရ — **၁၂/လကန(နိုင်)၁၄၂၂၄၈** — **ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်-၂၊ ၅၄၈-ဘီ၊** **ဖုန်း-၀၉-၇၃၁၀၁၉၃၀**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်-၂၊ အကွက်အမှတ် ၂၁၆ စိုက်ပျိုးရေးလုပ်ကိုင်ခွင့်ရရှိထားသည့် ဒေါ်နန်းမြ ၁၃/မကန(နိုင်)၀၀၀၂၂၈ ထံမှ ဒေါ်ဝါဝါအေး ၁၂/ဥကတ(နိုင်)၀၅၁၆၄၃ထံသို့ လုပ်ကိုင်ခွင့်အပြီးအပိုင်လွှဲပြောင်းပေးရန် နှစ်ဦးသဘောတူညီခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဝါဝါအေး — **၁၂/ဥကတ(နိုင်)၀၅၁၆၄၃** — **ဖုန်း-၀၉-၇၃၁၀၁၉၃၁**
ဦးကျော်သူရ — **၁၂/လကန(နိုင်)၁၄၂၂၄၈** — **ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်-၂၊ ၅၄၈-ဘီ၊** **ဖုန်း-၀၉-၇၃၁၀၁၉၃၀**

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(က)မှ ဦးဇော်နိုင်၏သမီး မဝင့်ဝါအား မသီရိစုနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **သီရိစုနိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ်(၃၂၀)အား အမည်ပေါက်ပိုင်ဆိုင်သူဦးစောဝင်းနိုင်ထံမှလည်းကောင်း၊ မြေကွက်အမှတ်(၃၂၁)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဝင်းထံမှလည်းကောင်း၊ တစ်ဆင့်ဝယ်ယူထားသည့် ဦးစိုးဝင်း ၁၂/ကတတ(နိုင်)၀၀၉၆၅၁က နှစ် ၆၀ မြေငှားစာချုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၈/အေ)၊ မြေကွက်အမှတ်(၁၆၇)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်သွင်ထံမှတစ်ဆင့် ဝယ်ယူထားသည့် ဒေါ်သန်းသန်းအေး(ခ)ဒေါ်ရင်ရင် ၁၃/တကန(နိုင်)၀၀၄၁၆၆က နှစ် ၆၀ မြေငှားစာချုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား (မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ်(၃၁၉)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးအောင်ထံမှလည်းကောင်း၊ မြေကွက်အမှတ်(၃၁၈)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးစောအောင်ထံမှလည်းကောင်း၊ တစ်ဆင့်ဝယ်ယူထားသည့် ဒေါ်နီလာအေး ၁၂/ကတတ(နိုင်)၀၀၀၆၅၇က နှစ် ၆၀ မြေငှားစာချုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

